ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 21 March 2019 ၉၅၉၇

# ၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

နေပြည်တော် မတ် ၂၀

၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»



နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်း စုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။





ကြေးမုံ

# ပြည်သူလူထု၏ဆန္ဒကို အလေးအနက်ပြု

"ပြည်သူလူထုကို ကိုယ်စားပြုတဲ့ စနစ်သာလျှင် ပြည်သူရဲ့ဆန္ဒကို အလေးအနက်ထားမှာ ဖြစ်ပါတယ်။ အဲဒါကို သတိပေးချင်ပါတယ်"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မတ်လ ၁၈ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံရေးနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အတွင်းမှ ဒေသခံပြည်သူလူထု နားလည်သိရှိနိုင်စေရန် အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံရေးဟူသည် ပါတီနိုင်ငံရေးသက်သက်သာမဟုတ်၊ နိုင်ငံရေးဟူသည် လူမှုအရေးအရာကိစ္စများအားလုံးပင်ဖြစ်သည်။ ပြည်သူလူထု၏ အရေးကိစ္စများကို ဆောင်ရွက်သောစနစ်တွင် ဒီမိုကရေစီစနစ်သည် အကောင်းဆုံးဖြစ်၍ ယင်းကိုကျင့်သုံးကြသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ဒီမိုကရေစီစနစ်မှာ ပြည်သူလူထုက ရွေးချယ်ထောက်ခံတင်မြှောက်သော အုပ်ချုပ်မှုစနစ်ဖြစ်သည်။ တစ်နည်းဆိုသော် ပြည်သူလူထုကိုယ်စားပြုသည့် ဒီမိုကရေစီစနစ်ဖြစ်သည်။ ပြည်သူလူထုသည် တိုင်းပြည်အုပ်ချုပ်ရေးတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်စွမ်းမရှိသဖြင့် ပြည်သူလူထုကိုယ်စား ဆောင်ရွက်နိုင်သော ပြည်သူ့ကိုယ်စားလှယ်အား ရွေးချယ်တင်မြှောက်ပြီး ဆောင်ရွက်ပေးသောစနစ်ဖြစ်၍ မည်သည့်အရေးကိစ္စတွင်မဆို ပြည်သူလူထုကိုမျက်နှာမူကာ ဆောင်ရွက်ပေးရသည်။

ပြည်သူလူထုကို ကိုယ်စားပြုသောစနစ်ဖြစ်သောကြောင့် ပြည်သူလူထု၏ဆန္ဒကိုသာ အလေးအနက်ထားရမည်ဖြစ်သည်။ တိုင်းပြည်၏ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာတို့ကို ဆောင်ရွက်ရသော အစိုးရအဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူလူထုကိုယ်စား ပေးအပ်ထားသောလုပ်ပိုင်ခွင့်များဖြင့် ပြည်သူလူထုအကျိုးကို သယ်ပိုးထမ်းရွက်ရပေသည်။ ရရှိထားသော လုပ်ပိုင်ခွင့်များသည် မိမိအကျိုး၊ မိမိအသိုင်းအဝိုင်းအကျိုးအတွက် မဟုတ်ချေ။ ပြည်သူလူထုအကျိုးအတွက် ဖြစ်ရပေမည်။

နိုင်ငံ့အရေးကိစ္စအမျိုးမျိုးကို ထမ်းဆောင်နေသော တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် မိမိတို့ပိုင်ဆိုင်သော အခွင့်အရေးများမဟုတ်ချေ။ ပြည်သူလူထုက လွှဲအပ်ထားသော အခွင့်အရေးများသာဖြစ်သည်။ သို့သော် အချို့ဌာနများတွင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ပြည်သူလူထုအပေါ် မျက်နှာမမူဘဲ ကိုယ်ကျိုးအတွက်၊ ကိုယ်နှင့်နီးစပ်ရာအတွက် ဆောင်ရွက်ကြသဖြင့် အရေးယူအပြစ်ပေးခံရခြင်း၊ အရှက်တကွဲအကျိုးနည်းဖြစ်ရခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်သည်။

အမှန်တကယ်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းသည် ပြည်သူပြည်သား အများအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ မွန်မြတ်သောအလုပ်ဖြစ်ပေသည်။ ပြည်သူပြည်သားများပေးဆောင်သည့် အခွန်အခဖြင့် လစာရိက္ခာတို့ကိုခံစားပြီး တာဝန်ထမ်းဆောင်ခြင်းဖြစ်ရာ ပြည်သူပြည်သားတို့အပေါ်တွင် အကြွင်းမဲ့ကြည်ဖြူစွာဖြင့် စေတနာသန့်သန့်ထားကာ အကောင်းဆုံးဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထားရှိသောစေတနာမှန်ကန်ပါက ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသောအလုပ် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ့အရေးကိစ္စများကို ဆောင်ရွက်ခြင်းသည် ပြည်သူပြည်သားများ၏ အရေးကိစ္စများပင်ဖြစ်၍ ပြည်သူပြည်သားများဖြစ်သည့် အစိုးရ၊ ဝန်ထမ်း၊ ပြည်သူလူထုအားလုံးတို့က အများအကျိုးအတွက် ရှေးရှုဆောင်ရွက်ရမည်ဟူသောအချက်ကို သိရှိနားလည်ကြပြီး မိမိ၏အကျိုးကို ဦးစားမပေးဘဲ အများအကျိုးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ အစိုးရလည်း အစိုးရတာဝန်၊ ဝန်ထမ်းလည်း ဝန်ထမ်းတာဝန်၊ ပြည်သူလည်း ပြည်သူ့တာဝန်ကျေပွန်ခြင်းဖြင့် တိုးတက်သော နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံရေးဟူသည် ပါတီကိစ္စသက်သက်၊ အစိုးရကိစ္စသက်သက်ဟု မမှတ်ယူဘဲ နိုင်ငံရေးဟူသည် နိုင်ငံအတွက် ကောင်းကျိုးအဖြာဖြာကိုဖြစ်စေသော ပြည်သူလူထုတို့၏ အရေးအရာကိစ္စမှန်သမျှတို့ဖြစ်ပေရာ ပြည်သူလူထုကို ကိုယ်စားပြုသော၊ ပြည်သူလူထု၏ဆန္ဒကို အလေးအနက်ထားသော ကောင်းမွန်သည့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာအောင် ကြိုးပမ်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဩစတြီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Dr. Eva Hager နှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရ၏ e-Government လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဩစတြီးယားနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအစိုးရ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပေါင်းလပြည့်နေ့တွင် ရွှေစာရံဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူများ အထူးစည်ကားလျက်ရှိ

**ပုသိမ်ကြီး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ စည်ကားစွာ ကျင်းပလျက်ရှိရာ တပေါင်းလပြည့်နေ့တွင် လာရောက်လည်ပတ်သော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



"ဒီနေ့က ပွဲတော်ရက် အစလည်းဖြစ်တယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ တပေါင်းလပြည့်နေ့လည်းဖြစ်တော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေနဲ့ အထူးစည်ကားပါတယ်။ ဘုရားပွဲတော် ဈေးဆိုင်တန်းတွေမှာ မြန်မာ့ရိုးရာအစားအစာတွေ၊ တောင်သူအသုံးအဆောင်ပစ္စည်းတွေ၊ ထန်းရွက်နဲ့ပြုလုပ်တဲ့ပစ္စည်းတွေ၊ ဝါးနဲ့ပြုလုပ်တဲ့ပစ္စည်းတွေ၊ သစ်သီးကိုးမျိုးပါဝင်တဲ့ ဆွမ်းတော်ပွဲတွေ၊ ရှမ်းတိုင်းရင်းသားရိုးရာ အဝတ်အထည်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ ရှမ်းဒေသထွက်ကုန်တွေ၊ အစားအစာတွေ၊ ရှမ်းတိုင်းရင်းဆေးဝါး အသုံးအဆောင်ပစ္စည်းတွေ၊ ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥ၊ သစ်ဖုနဲ့ ဆေးပင်ငယ်တွေလည်း ရောင်းချကြပြီး ရွှေစာရံပွဲတော်ရဲ့အဓိကအထိမ်းအမှတ်ပစ္စည်းကတော့ ထန်းရွက်ပုတီးနဲ့ ထန်းရွက်ငါးတို့ပဲဖြစ်ပါတယ်။ ဒီနှစ်ဘုရားပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး မြန်မာ့ရိုးရာခြင်းအလုခတ် ဖျော်ဖြေပွဲနဲ့ ဇာတ်ပွဲတွေလည်းပါဝင်ကာ ဒုဋ္ဌဝတီမြစ်အတွင်းမှာလည်း ငှက်လှေစီးသူတွေ၊ ရေကစားသူတွေနဲ့ အထူးစည်ကားလျက်ရှိပါတယ်"ဟု ရွှေစာရံစေတီတော်ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲပြုလုပ်

**နတ်မောက် မတ် ၂၀။** ။မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြင့်မားစေရေး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက နတ်မောက်မြို့ တမာပင်ရပ်ကွက် လူရည်ချွန်ဘော်ဒါကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်ဝင်းမေထွန်းက လူကုန်ကူးမှုအကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ပြီး လူရည်ချွန်ဘော်ဒါရှိ ကျောင်းသားကျောင်းသူများက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်ဓာတ်ပုံများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအချက်အလက်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းရွှေ | သတင်းထောက်မှူး | - ဦးမြင့်စိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ | အကြီးတန်းသတင်းထောက်များ | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး သာစည်မြို့ ဓမ္မာလင်္ကာရ ရေအားလျှပ်စစ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သဃၤန်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ လာအိုနိုင်ငံမှ ဆရာတော် Ven.Noi SANGVALO အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော် ပျဉ်းမနားမြို့နယ် ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

»»» ရှေ့ဖုံးမှ

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင် စန္ဒာလင်းက ထူးမခြားနားသီချင်းခံကို မြန်မာရိုးရာစောင်းသံဖြင့် သီဆိုတီးခတ်ပူဇော်ပြီး ဒုတိယဝန်ကြီး ဦးကြည်မင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

**ငါးပါးသီလခံယူဆောက်တည်**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒက သမ္မောဒနီယသြဝါဒကထာကို ချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် စစ်တွေမြို့ ဒက္ခိဏာရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒနှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ ဓမ္မာလင်္ကာရ ရေအားလျှပ်စစ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကယားပြည်နယ် ဒီမော့ဆိုမြို့ မြို့မရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သဃၤန်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ပထမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး သဃၤန်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

**ဆက်ကပ်ပူဇော်**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ လာအိုနိုင်ငံမှ ဆရာတော် Ven.Noi SANGVALO နှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရတနာမာန်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒတို့အားလည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်များအား လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊

စာမျက်နှာ ၄ သို့ »»»



ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၉)ရပ်ကွက် ဓမ္မဝိနယ ပထမပြန်တိုက်သစ်ကျောင်း စာသင်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မူယာပင်ရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမာစာရအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မရကံကျေးရွာ ပရဟိတလူငယ်ဖွံ့ဖြိုးရေး အင်ကြင်းပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိယအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် သာသနာ့ဇောတိက ပရိယတ္တိစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေမိန္ဒအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



»» စာမျက်နှာ ၃ မှ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

**ဆက်ကပ်ပူဇော်**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ပြည်တွင်း၊ ပြည်ပ ဆရာတော်များအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချိုက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခေမာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ထေရီ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဇေယျသိင်္ဂီချောင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဓမ္မဝါရီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး နန့်ကြင်ကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ဇနီး ဒေါ်ဌေးရီတို့က မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပမှ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အမျိုးသားလူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတဦးဝင်းမြင့်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ မိုးကုတ်မြို့နေ ဦးနန္ဒ၊ မရမ်းကုန်းမြို့နေ ဦးတင်စိန်(ခ)ဦးနီနီ၊ စမ်းချောင်းမြို့နေ ဦးကျော်ဝင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဗဟန်းမြို့နေ ဦးသိန်းဟန်နှင့် တောင်ကြီးမြို့နေ ဦးဝေလွင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတဦးမြင့်ဆွေက သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ မရမ်းကုန်းမြို့နေ ဦးလှဌေး၊ လောက်ကိုင်မြို့နေ ဦးလီကျိန်းချန် (ခ) ဦးလျိုအားပေါက်၊ မရမ်းကုန်းမြို့နေ ဦးမျိုးဆက်၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးချစ်ခိုင်နှင့် မော်လမြိုင်မြို့နေ ဦးခင်ဝင်းတို့အားလည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ကြည့်မြင်တိုင်မြို့နေ ဦးအောင်သန်းစိန်၊ လှိုင်မြို့နေ ဦးကျော်ဌေး၊ ပန်းပဲတန်းမြို့နေ ဦးမျိုးညွန့်၊ ပုဗ္ဗသီရိမြို့နေ ဦးကျော်ဇေယျနှင့် သာကေတမြို့နေ ဦးလှမြင့်တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ကြသည်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က သီဟသုဓမ္မမဏိဇောတဓရနှင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ အမျိုးသားလူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးလူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့တံဆိပ်ရ မရမ်းကုန်းမြို့နေ ဒေါက်တာသင်းသင်း၊ ကမာရွတ်မြို့နေ ဒေါ်စန်းစန်းနွဲ့၊ လှိုင်မြို့နေ ဒေါ်ခိုင်ခိုင်ဦးနှင့် တောင်ကြီးမြို့နေ ဒေါ်နန်းသက်စုလှိုင်ထွန်းတို့နှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ချမ်းအေးသာစံမြို့နေ ဒေါ်စန်းစန်းဝေ(ခ) ဒေါ်စန်းဝေတို့အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုက သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ သဃ်န်းကျွန်းမြို့နေ ခိုလုံလီရှောတိုင်းရင်းသူ ဒေါ်ဝင်းမြင့်၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ဌေးဌေးအောင်၊ ကမာရွတ်မြို့နေ ဒေါ်လှယဉ်ဝင်းနှင့် ဒေါ်ဝေဝေမွန်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ မြဝတီမြို့နေ ကရင်တိုင်းရင်းသူ နော်ဖောဖော၊ ဗဟန်းမြို့နေ ဒေါ်မာလာမြင့်၊ မရမ်းကုန်းမြို့နေ ဒေါ်မိုးစိမ့်စိမ့်လင်း၊ ကမာရွတ်မြို့နေ ဒေါ်သက်သက်နိုင်နှင့် ဗဟန်းမြို့နေ ဒေါ်အိသန္တာဘိုတို့အားလည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်းက သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ မရမ်းကုန်းမြို့နေ ဒေါ်ဇေဇင်လတ်နှင့် ဗဟန်းမြို့နေ ဒေါ်သိင်္ဂီလင်းတို့နှင့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်ညွန့်၊ ပန်းပဲတန်းမြို့နေ ဒေါ်လှကြည်(ခ)ဒေါ်ရီမြင့်နှင့် ရွှေဘိုမြို့နေ ဒေါ်နွဲ့နွဲ့တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဇနီး ဒေါက်တာစိန်စိန်သိမ်းနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၏ ဇနီး ဒေါ်သိန်းယဉ်ချေတို့က သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ အမျိုးသမီးလူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး နန့်ကြင်ကြည် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဌေးရီ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်အိသန္တာဘိုအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်နွဲ့နွဲ့အား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်သန်းသန်းဦး(ခ)မကြီးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။

»» **စာမျက်နှာ ၄ မှ**

ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များ၊ ဘွဲ့ခံဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် ရဟန်းတော် ၂၅၄ ပါး၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီး ၁၄ ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၅၈ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးတင်စိန်(ခ)ဦးနီနီအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်ရ ဒေါ်နန်းသက်စုလှိုင်ထွန်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရရှိသူ ဦးလှဋ္ဌေးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရရှိသူ ဦးကျော်ဋ္ဌေးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးစိုင်းမောင်ထွန်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးအေးမင်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးစိုးပြည့်စုံထွန်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ Dr. Thomas Wong အား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ဇနီး ဒေါ်ဋ္ဌေးရီ သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်ရ ဒေါ်ခိုင်ပြည့်စုံကြိုင်အား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို သီရိသုဓမ္မသီဂိ ဘွဲ့တံဆိပ်ရ ဒေါ်ဝေဝေမွန်အား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည် သီဟသုဓမ္မသီဂိဘွဲ့တံဆိပ်ရ ဒေါ်အေးအေးခင်အား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီဟသုဓမ္မသီဂိဘွဲ့တံဆိပ်ရ ဒေါ်မြနှင်းရီ(ခ) ဒေါ်မိုးမိုးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ သုဓမ္မသီဂိ ဘွဲ့တံဆိပ်ရ ဒေါ်မော်မော်သန်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သုဓမ္မသီဂိဘွဲ့တံဆိပ်ရ ဒေါ်စောစန္ဒာဆွေအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာစိန်စိန်သိမ်း သုဓမ္မသီဂိဘွဲ့တံဆိပ်ရ ဒေါ်သော်တာဝင်းအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၏ဇနီး ဒေါ်သိန်းယဉ်ချေ သဒ္ဓမ္မဇောတိကဇေဘွဲ့ရ ဒေါ်ငွေရည်ဦးအား ဘွဲ့တံဆိပ်ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၁) ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၀**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၁) ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရွှေကြာသင်္ကန်းကပ်လှူပူဇော်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်းရှိသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

**တရားတော်များနာယူ**

ယင်းနောက် ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်းဒေသကြီး သံလျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။

**သတင်းစဉ်**

# တပေါင်းလပြည့်နေ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား

**ရန်ကုန် မတ် ၂၀**

တပေါင်းလကို "နေ့ပူလို့ညချမ်း၊ တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုကြလေသည်။ တပေါင်းလသည် ဆောင်းကွင်းနွေဦးကာလဖြစ်ကာ သစ်ပင်များသည် ရွက်ဟောင်းများစွန့်၍ ရွက်သစ်လွန်ကာ အညွန့်၊ အညှောင့်လေးများ ပေါ်ထွက်လာခြင်းဖြင့် တင့်တယ်သာယာလှပေသည်။

"တပေါင်းသာခေါင်လများနှောင်" ဟူသော ဆိုစကားနှင့်အညီ တပေါင်းလတွင် မြစ်ချောင်းများရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်ရာဟုထောင့် အောင်မြေ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်ဝန်ထမ်းများက ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ရေစက်ချပွဲအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်းမဟာဓမ္မိကာပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော်ဘဒ္ဒန္တနာဂိတထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဒေ့ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ရင်ပြင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီတော်များတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# တပေါင်းလပြည့်နေ့၌ နေပြည်တော်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကား

**နေပြည်တော် မတ် ၂၀**

တပေါင်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားရှိသည့် မြတ်ဗုဒ္ဓ ပြည်တော်ဝင် အခါတော်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်၏ အထင်ကရတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် နံနက်ပိုင်းက လိုဏ်တော်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် လေးဆူနှင့် မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကျင်းပသည်။

**အထူးစည်ကား**

ညနေပိုင်းတွင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ပရိတ်တရားတော်၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ခဲ့ကြပြီး ဆီမီး ၉၀၀၀ ပူဇော်ပွဲကို ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဘာဝနာပွားများသူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရန်အောင်မြင် ရွှေလက်လှ စေတီတော်၊ ဓာတုဇယစေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ကိုးခန်းကြီးဘုရား၊ မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သံဝေဇနိယလေးဌာနတို့တွင် တရားဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားခဲ့သည်။

**နှစ်စဉ်ကျင်းပလေ့ရှိ**

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပေါင်းလသည် နောက်ဆုံးလဖြစ်ပြီး ဆောင်းအကုန်နွေအကူး ထူးသည့်လရာသီဖြစ်သည်။ တပေါင်းလပြည့်နေ့ကို မြတ်စွာဘုရားပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ပြီး သဲပုံစေတီပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုအဖြစ် ကျင်းပလေ့ရှိသည်။ ထို့ပြင် ဗုဒ္ဓပူဇနိယပွဲတော်များ၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပဋ္ဌာန်း၊ ပရိတ်ရွတ်ပွားပူဇော်ခြင်းများ၊ သံဃာတော်များကို ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ဆက်ကပ်လှူဒါန်းခြင်းများကို ရိုးရာအစဉ်အလာမပြတ် နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

**သတင်းစဉ်**

# နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးစနစ်မှာ သင်ကြားပြသတဲ့ ဆရာ ဆရာမတွေဟာ သူတို့ရဲ့ ဘာသာရပ်ဆိုင်ရာ ပိုင်နိုင်ကျွမ်းကျင်မှုမှာ အဓိကနေရာမှာ ပါဝင်ပါတယ်

ဒေါက်တာပြည့်ကျော်သူ

## ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း စကားဝိုင်းကျင်းပ

**သတင်းအဖွဲ့**

**ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမစန်းရီ၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ ဆရာ ဒေါက်တာပြည့်ကျော်သူ အနေနဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်အရည်အသွေး ကောင်းမွန်စေဖို့အတွက် နည်းပညာနဲ့ သက်မွေးပညာရေးကဏ္ဍမှာဆိုရင် ဘယ်လိုတွေဆောင်ရွက်ထားသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာပြည့်ကျော်သူ။** ။ ကျွန်တော်တို့ နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးစနစ်မှာ သင်ကြားပြသတဲ့ ဆရာ ဆရာမတွေဟာ သူတို့ရဲ့ဘာသာရပ်ဆိုင်ရာ ပိုင်နိုင်ကျွမ်းကျင်မှုမှာ အဓိကနေရာမှာ ပါဝင်ပါတယ်။ အဲဒီတော့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ဆောင်ရွက်တဲ့အခါမှာ သူတို့က အခြေခံသီအိုရီကို ကောင်းမွန်စွာ ပိုင်ပိုင်နိုင်နိုင်သိရှိဖို့ရာ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရတဲ့အတွက်ကြောင့် ဒီလက်တွေ့သင်ခန်းစာတွေကို သေချာ စနစ်တကျ ပိုင်ပိုင်နိုင်နိုင်နဲ့ သင်ကြားပေးနိုင်ဖို့ဆိုတာ အလွန်ပဲ အရေးကြီးပါတယ်။ နောက်တစ်ခုက အခြေခံသီအိုရီကို ဆောင်ရွက်တဲ့အခါမှာ သူတို့တစ်တွေနဲ့ စာသင်ခန်းအတွင်းမှာ ကူညီပံ့ပိုးပေးတဲ့သူတွေ (Facilitator) အနေနဲ့ သင့်တော်တဲ့ သင်ကြားမှုနည်းလမ်းတွေ၊ သင်ကြားမှုအတတ်ပညာတွေ အသုံးပြုပြီးသင်ကြားပေးဖို့ လိုအပ်ပါတယ်။

### အသုံးချဆောင်ရွက်နိုင်ရန် သင်ကြား

နောက်ပြီး မိမိသင်ကြားရတဲ့ သင်ကြားမှုနည်းပညာနဲ့ သက်မွေးပညာအဆင့်အလိုက် သင်ကြားတဲ့အခါမှာ သင်ကြားခံရတဲ့ ကျောင်းသား ကျောင်းသူတွေကို ခွဲခြမ်းစိတ်ဖြာတတ်စေဖို့၊ တွေးခေါ်စဉ်းစားတတ်စေဖို့၊ ပြဿနာကိုစုစည်းပြီး ဖြေရှင်းနားလည်တတ်စေဖို့နဲ့ လက်တွေ့ဆောင်ရွက်မှုတွေကနေပြီးတော့ ပြန်ပြီးတော့အသုံးချနိုင်စေဖို့ ဦးတည်ချက်ထားပြီး ကျွန်တော်တို့က သင်ကြားပေးနိုင်ဖို့လိုအပ်တာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အရည်အသွေးရှိတဲ့ လက်တွေ့သင်ခန်းစာတွေကို ကျွန်တော်တို့က ဆရာ ဆရာမတွေနဲ့သင်ကြားဖို့ လိုအပ်တဲ့အခါမှာ သူတို့ရဲ့သက်ဆိုင်တဲ့ လုပ်ငန်းအတွေ့အကြုံတွေ သိရှိဖို့လိုအပ်ပြီး အမြဲတမ်း Update ဖြစ်နေအောင် ကြိုးစားအားထုတ်ပေးဖို့လိုပါတယ်။ ဒီဟာတွေ ပြန်ပြီး အသုံးချဆောင်ရွက်နိုင်ဖို့လည်း သင်ကြားပေးဖို့ အထူးလိုအပ်လှပါတယ်။

### အရည်အသွေးကောင်းသော စနစ်

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေနဲ့ ဆရာ ဆရာမတွေရဲ့အရည်အသွေးကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ပိုပြီး အရည်အသွေးကောင်းတဲ့ ဒီစနစ်ဖြစ်လာစေဖို့အတွက် သင်ကြားပြသတဲ့ ဆရာ ဆရာမတွေနဲ့ စီမံခန့်ခွဲတဲ့ဝန်ထမ်းတွေကို အရည်အသွေး တိုးတက်စေဖို့အတွက် စနစ်တကျစီမံချက်များချပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနားမှာ ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ ဦးစီးဌာနအောက်မှာရှိတဲ့ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေမှာရှိတဲ့ ဆရာ ဆရာမတွေကို ကျွန်တော်တို့က အရည်အသွေးမြှင့်တင်တာတွေကို EU Budget နဲ့ ဆောင်ရွက်နေတာကို တင်ပြလိုပါတယ်။

ဒီ EU Budget Support မှာ ဆောင်ရွက်နေတဲ့ Institution Based Professional Development Centers (IPDC)ပါ။ အဲဒီမှာ ကျောင်းတွေကို ရွေးချယ်ပြီးတော့ (IPDC) တွေဖြစ်ဖို့ ကျွန်တော်တို့က ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ Professional Development Centers တွေမှာ ဆောင်ရွက်ပေးမယ့် PD Leader တွေကို Didactic Training တွေ ပေးထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက ၂၀၁၈ ခုနှစ် ဩဂုတ်လထဲမှာပဲ PD Leader တွေနဲ့ HOPD တွေ စုစုပေါင်း ၃၁ ဦးကို နည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)မှာ သင်တန်းတွေပေးခဲ့ပါတယ်။

> **မိမိသင်ကြားရတဲ့ သင်ကြားမှုနည်းပညာနဲ့ သက်မွေးပညာအဆင့်အလိုက် သင်ကြားတဲ့အခါမှာ သင်ကြားခံရတဲ့ကျောင်းသား ကျောင်းသူတွေကို ခွဲခြမ်းစိတ်ဖြာတတ်စေဖို့၊ တွေးခေါ်စဉ်းစားတတ်စေဖို့၊ ပြဿနာကိုစုစည်းပြီး ဖြေရှင်းနားလည်တတ်စေဖို့နဲ့ လက်တွေ့ဆောင်ရွက်မှုတွေကနေပြီးတော့ ပြန်ပြီးတော့အသုံးချနိုင်စေဖို့ ဦးတည်ချက်ထားပြီး ကျွန်တော်တို့က သင်ကြားပေးနိုင်ဖို့လိုအပ်**

ဒီမှာဆိုရင်တော့ ကျွန်တော်တို့ Management of Vocational Schools and ICT Management ဆိုပြီးတော့ သက်မွေးပညာနဲ့ပတ်သက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ စီမံခန့်ခွဲမှုနဲ့ Media အသုံးချမှုကို ကျွန်တော်တို့က သင်ကြားပြသပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့က အကောင်အထည်ဖော်ဆောင်ရွက်တဲ့ကျောင်းတွေမှာ အကြံပေးအဖွဲ့ဆိုပြီး ရှိပါတယ်။ အကြံပေးအဖွဲ့ အစည်းအဝေးကို ခြောက်ကြိမ် ဆွေးနွေးခဲ့ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကျောင်းအုပ်ကြီးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

### စွမ်းရည်မြှင့်တင်မှုသင်တန်း

ဆက်ပြီးတင်ပြချင်တာကတော့ EU Budget Support နဲ့ ဆောင်ရွက်တဲ့ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းအနေနဲ့ပတ်သက်ပြီး ပြောချင်ပါတယ်။ ဒီကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းနဲ့ ပတ်သက်ပြီး အရည်အသွေးရှိရှိ သင်ကြားပေးနိုင်ဖို့အတွက် အစိုးရစက်မှုလက်မှုသိပ္ပံ နှစ်ကျောင်းနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း သုံးကျောင်းကို ကျွန်တော်တို့က လက်တွေ့လေ့လာပြီး သူတို့သင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်းတွေ၊ ဆရာ ဆရာမတွေရဲ့ သင်ကြားပုံနည်းစနစ်တွေ လေ့လာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ လေ့လာဆန်းစစ်မှုကနေပြီးတော့ ဒီသင်ကြားပြသမယ့် ဆရာ ဆရာမတွေအတွက် စွမ်းရည်မြှင့်တင်မှုသင်တန်းတွေ ပေးနိုင်နေပြီဖြစ်ပါတယ်။

### အစီအစဉ်များ ချမှတ်

နောက်တစ်ခု ဆက်ပြီးတင်ပြချင်တာကတော့ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်တဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ ဂျာမနီ (GIZ)နဲ့ပေါင်းပြီး ဆောင်ရွက်နေတာ တင်ပြလိုပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့အောက်မှာရှိတဲ့ ကောလိပ်သိပ္ပံကျောင်းတွေက ကျောင်းအုပ်ကြီးတွေနဲ့ စီမံခန့်ခွဲတဲ့ဝန်ထမ်းတွေကို School Management Training ဆိုပြီး နှစ်ပတ်ကြာ ဘယ်လင်းမှာ နှစ်ကြိမ်သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီနောက်မှာ ဆက်ပြီးတော့ School Management Training နဲ့ပတ်သက်ပြီး ရက်ရှည် သိသင့်သိထိုက်တာတွေ အားလုံးသိဖို့အတွက် ထပ်ပြီးပေးဖို့ရှိပါတယ်။ ပထမပေးခဲ့တဲ့ ရက်တိုသင်တန်းကနေပြီးတော့ Feedback Workshop ကို ဦးစီးဌာန (ရုံးချုပ်) မှာ ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ရှေ့ဆက်လက်ဆောင်ရွက်တဲ့ School Management Training အတွက် အစီအစဉ်တွေ ချမှတ်နိုင်ပြီးဖြစ်ပါတယ်။

### လက်တွေ့ကျွမ်းကျင်မှုသင်တန်း

နောက်တစ်ခုက ADB နဲ့ပေါင်းပြီး ဆောင်ရွက်နေတာလေး တင်ပြချင်ပါတယ်။ လူငယ်တွေ အလုပ်အကိုင်ရရှိဖို့အတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (Equipping Youth For Employment –EYE) ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဆိုရင် ၂၀၁၉ ဇန်နဝါရီမှာ အစိုးရနည်းပညာအထက်တန်းကျောင်း ၁၁ ကျောင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ဒီ Project မစတင်ခင်မှာ ကျွန်တော်တို့က သက်ဆိုင်ရာ ကျောင်း ၁၁ ကျောင်းကနေပြီး ဆရာ ဆရာမ ၃၅ ဦးကို ကြိုတင်ပြီး အရည်အသွေးမြှင့်တင်ရေးတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့က ရှေးဦးသူနာပြုစုခြင်းလုပ်ငန်း၊ အခြေခံမီးသတ်သင်တန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့က Teaching Methodology သင်တန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ပါတယ်။ ဆက်ပြီး ဆောင်ရွက်နေတာတွေကတော့ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း) မှာ ဒီဦးစီးဌာနအောက်မှာရှိတဲ့ ဆရာ ဆရာမ တွေကို လက်တွေ့ကျွမ်းကျင်မှုသင်တန်း Technical Training တွေကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

### လုပ်ငန်းအတွေ့အကြုံ

တစ်ဆက်တည်းမှာ ဘာတင်ပြလိုလဲဆိုတော့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ဆရာ ဆရာမ ၇၁၀ ခန့်နိုင်ခဲ့ပါတယ်။ အဲဒီတော့ ဆရာ ဆရာမ ၇၁၀ ခန့်အပ်ပြီးတော့ ဒီဆရာ ဆရာမတွေရဲ့ Capacity Upgrade တွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မေလကနေ ဒီဇင်ဘာလအထိ ကျွန်တော်တို့က TVET နဲ့ပတ်သက်တဲ့ အသိပညာတွေ၊ ဗဟုသုတတွေ အပါအဝင် သင်ကြားမှုနည်းပညာတွေ၊ သင်ကြားမှုအတတ်ပညာတွေ၊ နောက်သင်တန်းဆိုင်ရာ စီမံခန့်ခွဲမှုတွေ၊ သင်ခန်းစာရေးဆွဲပြင်ဆင်ခြင်းတွေ၊ ပြီးရင် 21th Century Skill, TVET Hard Skill နဲ့ Soft Skill တွေ ဒီဟာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီဆရာ ဆရာမ ၇၁၀ ကို ကျွန်တော်တို့က Industrial Experience ရရှိစေဖို့အတွက် Industrial ကိုသွားပြီး Field Trip ကျွန်တော်တို့က ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုမျိုး ဆရာ ဆရာမအသစ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်ဆိုတာတွေကို အရည်အသွေးပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❖



❖ စာမျက်နှာ ၁၀ မှ

**အစီအစဉ်မှူး။** ။**အခုလိုမျိုး ဆရာ ဆရာမတွေအတွက် အရည်အသွေးတိုးတက်စေမယ့် စီမံချက်တွေအပြင် အခြားဆောင်ရွက်ထားတာတွေ ရှိရင်လည်း သိလိုပါတယ်။**

**ဒေါက်တာပြည့်ကျော်သူ။** ။ကျွန်တော်တို့ဒီ EU Budget Support အရ နောက်တစ်ခု လုပ်နေတာကတော့ အစိုးရနည်းပညာကောလိပ်နဲ့၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ နောက်ပြီး အစိုးရနည်းပညာ အထက်တန်းကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်းကို ကျွန်တော်တို့က ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်တွေ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီ Core Curriculum Development Team နဲ့ Working Curriculum Development Team ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီအဖွဲ့တွေကနေပြီးတော့ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်တဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ နောက်ပြီး နှစ်စဉ်ဆောင်ရွက်ရမယ့် လုပ်ငန်းလမ်းညွှန်တွေ ချမှတ်တာတွေ၊ ပြုစုဖော်ထုတ်တာတွေ၊ နောက်ပြီး နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ကျွန်တော်တို့က EU ကနေ သတ်မှတ်ထားတဲ့ Indicator ကို ပြည့်မီအောင် ကျွန်တော်တို့က ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်။

### သင်ယူရင်းလေ့ကျင့်

နောက် တစ်ဆက်တည်းမှာ ကျွန်တော်တို့ဆက်လက် ဆောင်ရွက်နေတာကတော့ ၂၀၁၉ ဒီဇင်ဘာမှာ ကျွန်တော်တို့က ဂျပန်နဲ့ပူးပေါင်းဖွင့်လှစ်တဲ့ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း (JMASVTI) ဆိုတာ ရှိပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့က (JMASVTI) သည် Automotive Maintenance နဲ့ Electrical Power ကို သင်ကြားပေးမှာဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ Curriculum Development လုပ်တဲ့အခါမှာ ခုနက ဖွဲ့စည်းထားတဲ့အဖွဲ့တွေနဲ့ ဂျပန်က Expert တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ Learning by Doing ဆိုပြီး သင်ယူရင်းလေ့ကျင့်ဆိုပြီးတော့ လုပ်တဲ့အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

### နည်းပညာဆိုင်ရာဘာသာရပ် ၁၀ မျိုး

နောက်တစ်ခုတင်ပြချင်တာကတော့ ၂၀၁၉ ဒီဇင်ဘာမှာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နဲ့ ပေါင်းပြီး TVET Teacher Training Institute ဆိုပြီး (TTTI) ကို ရန်ကုန်မြို့ ဗဟန်းမှာ ဖွင့်လှစ်ဖို့ရှိပါတယ်။ အဲဒီမှာလည်း Electronic လျှပ်စစ်၊ စက်မှု၊ Automotive နဲ့ ပတ်သက်တဲ့ နည်းပညာဆိုင်ရာဘာသာရပ် ၁၀ မျိုးကို သင်ကြားပို့ချပေးမှာပါ။ ဒီဘာသာရပ် ၁၀ မျိုးကို ပို့ချပေးတဲ့အခါမှာ လက်ရှိသင်ကြားနေတဲ့ သင်ရိုးတွေနဲ့ ကိုက်ညီပြီးတော့ အပြင်မှာဆောင်ရွက်နေတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကိုက်ညီတဲ့ လက်တွေ့သင်ကြားမှုတွေပြီးသွားရင်တော့ လက်တွေ့ဆောင်ရွက်မှုတွေနဲ့ ကျွန်တော်တို့က ဖွင့်လှစ်သင်ကြားပေးမှာ ဖြစ်ပါတယ်ဆိုတာ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။**ဆရာတို့ ဒီအခြေခံပညာကဏ္ဍမှာဆိုရင် ဆရာ ဆရာမတွေအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတွေ ဆောင်ရွက်ထားရှိသလဲဆိုတာ ဆရာဦးတိုးဝင်းက ပြောပြပေးပါဦး။**

**ဦးတိုးဝင်း။** ။ဒီအစီအစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကတော့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အစီအစဉ်ကို တင်ပြသွားချင်ပါတယ်။ ပထမဦးဆုံးအနေနဲ့ကတော့ ကျွန်တော်တို့ ယူနီဆက်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကလေးပျော်ကျောင်းစီမံကိန်း (Child Friendly School)လို့ ခေါ်ပါတယ်။ ဒါကိုတော့ ၂၀၀၁ ခုနှစ်လောက်ကတည်းက ကျွန်တော်တို့ အစပျိုးခဲ့တာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကလေးသူငယ် အခွင့်အရေးဖြစ်တဲ့ ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်ပိုင်ခွင့်နဲ့ ပါဝင်ဆောင်ရွက်ခွင့်ဆိုတဲ့ အခွင့်အရေး လေးရပ်ကို အခြေခံပြီးတော့ ကလေးတိုင်း အကျုံးဝင်မှု၊ ကျား၊ မ လိုအပ်ချက်ဖြည့်ဆည်းပေးမှု၊ ထိရောက်တဲ့ သင်ကြားသင်ယူမှု၊ ကျန်းမာရေး၊ ဘေးအန္တရာယ်လုံခြုံမှုနဲ့ မိဘပြည်သူများပါဝင်ဆောင်ရွက်မှုဆိုတဲ့ ရှုထောင့် ငါးသွယ်နဲ့ ကျွန်တော်တို့ ချမှတ်ပြီးတော့ ဆရာ ဆရာမတွေရဲ့ ဒီစွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးတဲ့အစီအစဉ် ဖြစ်ပါတယ်။

ဒါကိုတော့ ကျွန်တော်တို့ ဆရာ ဆရာမတွေကို ၁၀ ရက်ကြာ သင်တန်းပေးပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ဒေသတွေကတော့ ယူနီဆက်နဲ့ဆောင်ရွက်နေတဲ့ စီမံကိန်းပြည်နယ်တွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာတော့ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)တွေမှာလည်းပဲ ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

### ဆရာအတတ်ပညာရေးအစီအစဉ်

ဒုတိယတစ်ခုအနေနဲ့ကတော့ လုပ်ငန်းခွင်ဆရာ ဆရာမတွေရဲ့စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ကျောင်းအခြေပြုလုပ်ငန်းခွင် ဆရာအတတ်ပညာရေးအစီအစဉ် ဖြစ်ပါတယ်။ ကျွန်တော်တို့ School- based In-service Teacher Education (SITE) လို့ ခေါ်ပါတယ်။ ဒါကတော့ ၂၀၁၁၊ ၂၀၁၂ ခုနှစ်လောက်ကနေပြီးတော့ အစပျိုးခဲ့တာဖြစ်ပါတယ်။ သူကတော့ Module Base ဆိုတဲ့အတွက်ကြောင့် Module လေးခုရေးဆွဲထားတာရှိပါတယ်။ အခုလောလောဆယ်ကတော့ ထိရောက်မှု သင်ကြားသင်ယူတဲ့ Module နဲ့ ထိရောက်သော သင်ယူမှုလုပ်ငန်းစဉ်စီမံခြင်း Module ဆိုတဲ့ အပိုင်းကို သွားနေပါတယ်။ နောက်ပိုင်းမှာဆိုရင်တော့ ကလေးတစ်ဦးချင်းစီရဲ့ မတူညီတဲ့ လိုအပ်ချက်တွေအပေါ်မှာ ဖြည့်ဆည်းတုံ့ပြန်တဲ့ Module ရယ်၊ ကျောင်းနဲ့စာသင်ခန်း သင်ယူမှုပတ်ဝန်းကျင်ဆိုတဲ့ Module တွေ ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာ ဆရာမတွေ အနေနဲ့ကတော့ Module တွေကို မိမိတို့ရဲ့ကျောင်းမှာပဲ လုပ်ငန်းခွင်မပျက် Module တွေကိုသာ နေ့စဉ်နှင့်အမျှ လေ့လာသွားတဲ့ အစီအစဉ်ဖြစ်ပါတယ်။

### အုပ်စုဖွဲ့လေ့လာခြင်း

ကျွန်တော်တို့ သတ်မှတ်ချက်တစ်ခုအနေနဲ့ကတော့ ဆရာ ဆရာမတစ်ယောက်ဟာ တစ်ပတ်ကို တစ်နာရီတော့ လေ့လာရမှာဖြစ်ပါတယ်။ ပြီးရင် မိမိကျောင်းမှာရှိတဲ့ ဆရာ ဆရာမအချင်းချင်း အုပ်စုဖွဲ့လေ့လာခြင်းကိုတော့ တစ်ပတ်မှာ နှစ်နာရီလောက် ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ပြီးရင် ကျောင်းအုပ်စုမှူးတွေ ဦးဆောင်ပြီးတော့ တစ်လကို လေးနာရီလောက် Module တွေကို ဆွေးနွေးဖို့ဆိုတာမျိုးလေးတွေ ကျွန်တော်တို့က ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါကိုလည်းပဲ ယူနီဆက်နဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့ စောစောက ကျွန်တော်တင်ပြတဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**နောက်ထပ်သိချင်တာက မူလတန်းပြဆရာများအတွက် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေဖို့အတွက် ကူညီပံ့ပိုးပေးတဲ့ အစီအစဉ်တွေလည်း ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

**ဦးတိုးဝင်း။** ။ဒီအစီအစဉ်ကိုတော့ Mentoring Program လို့ခေါ်ပါတယ်။ ဒါကတော့ ကမ္ဘာ့ဘဏ်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ Mentoring Program ကတော့ လုပ်သက်နုတဲ့ မူလတန်းပြဆရာ ဆရာမတွေအတွက် အဓိကရည်ရွယ်ခြင်း ဖြစ်ပါတယ်။ လုပ်သက်နုတဲ့ မူလတန်းပြအနေနဲ့ ကျွန်တော်တို့ သင်ကြားရေးလုပ်ငန်းတွေမှာ ပိုပြီးတော့မှ Effective ဖြစ်နိုင်ဖို့အတွက် ဆရာအတတ်ပညာ ပြည့်ပြည့်ဝဝနဲ့ သင်ကြားသင်ယူမှုလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်သက်ရင့် ဆရာကြီး ဆရာမကြီးများက Mentor Teacher အနေနဲ့ ကျောင်းကိုသွားပြီးတော့ ပါဝင်ဆောင်ရွက်အားဖြည့်ပေးတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ မြို့နယ်ပေါင်း ၁၅၀ ကျော်မှာ Mentor Teacher အယောက် ၆၀၀ ခန့်အပ်ပြီးတော့မှ ဒီအစီအစဉ်လေးတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

လောလောဆယ်တော့ ကျွန်တော်တို့က တစ်နှစ်ကို Pilot အနေနဲ့ ဆောင်ရွက်သွားရင်း လေးနှစ်၊ ငါးနှစ်ရှိတဲ့အခါ တစ်နိုင်ငံလုံးကို လွှမ်းခြုံသွားဖို့လို့ ရည်မှန်းထားပါတယ်။ ဒီအစီအစဉ်လေးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီးတော့ မြို့နယ် ၄၀ မှာ ကျွန်တော်တို့ စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဒုတိယနှစ်မှာ နောက်ထပ်မြို့နယ် ၄၀ ထပ်ပေါင်းလိုက်တဲ့အတွက် ဒီနှစ်မှာ စုစုပေါင်းမြို့နယ် ၈၀ မှာ စတင်နိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ နောက်ထပ်မြို့နယ်ပေါင်း ၇၀ ကို ထပ်ပြီးတော့ တိုးချဲ့နိုင်တဲ့အတွက် လောလောဆယ်အခြေအနေမှာတော့ မြို့နယ်ပေါင်း ၁၅၀ မှာရှိတဲ့ လုပ်သက်နု မူလတန်းပြဆရာ ဆရာမတွေကို ကျောင်းတွေကို သွားရောက်ပြီးတော့မှ ဆရာအတတ်ပညာပံ့ပိုးပေးတဲ့ Teacher Mentoring Program ကို ကျွန်တော်တို့ လက်ရှိ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**အခြေခံဆရာ ဆရာမများရဲ့ ICT အရည်အသွေး တိုးတက်ဖို့ကို ဆရာတို့အနေနဲ့ ဘယ်လိုများဆောင်ရွက်ထားသလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ဦးတိုးဝင်း။** ။ICT နဲ့ပတ်သက်ပြီးတော့ ရည်ရွယ်တာကတော့ ICT ကို ပညာရေးမှာ ထည့်သွင်းအသုံးချနိုင်ဖို့ပါ။ ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ အစီအစဉ်ကို ပြန်ပြီးကြည့်လိုက်ရင်တော့ Post Graduate Diploma and Multimedia Art ဆိုတဲ့ (PGDMA) လို့ ခေါ်ပါတယ်။ ဒါကိုတော့ ပညာရေးတက္ကသိုလ်ကနေ သင်တန်းပေးပြီး အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းတွေမှာ အလယ်တန်းပြ (PGDMA) ဆရာ ဆရာမဆိုပြီးတော့မှ ခန့်ထားပေးတာရှိပါတယ်။ ကျွန်တော် စောစောကပြောသလို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ကို တင်ပြရရင်တော့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကနေစတင်ပြီးတော့ ယူနက်စကို၊ Sony Ericsson တို့နဲ့ပူးပေါင်းပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်မှာရှိတဲ့ အထက်တန်းကျောင်း ၃၁ ကျောင်းမှာ ICT & Education ဆိုတဲ့ အစီအစဉ်ကို ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီမှာရှိတဲ့ ကျောင်းတစ်ကျောင်းစီက ဆရာ ဆရာမ ငါးဦးကို ရွေးချယ်ပြီး TOT သင်တန်းပေးပြီး မိမိကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေကို သူတို့ကတစ်ဆင့် ICT & Education သင်ခန်းစာတွေကို ပို့ချပေးတာဖြစ်ပါတယ်။ သူတို့ကိုတော့ ကျွန်တော်တို့က တစ်နှစ်ကို သုံးကြိမ်လောက် TOT ပေးတယ်။ ပြန်ပြီးတော့ ကိုယ့်ကျောင်းမှာ ကိုယ်ပြန်ပွားတယ်ဆိုတော့ တစ်နှစ်မှာ သုံးကြိမ်လောက် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကိုရီးယားနိုင်ငံ Sejong City of Education နဲ့ MoU ရေးထိုးပြီးတော့ ဆရာ ဆရာမတွေကို ကိုရီးယားနိုင်ငံသို့ စေလွှတ်ပေးတယ်။ ပြည်တွင်းမှာလည်းပဲ ပြန်ပြီးတော့ ICT နဲ့ပတ်သက်ပြီး သင်တန်းပေးတဲ့အစီအစဉ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်လောက်ကတည်းကစပြီးတော့ တစ်နှစ်ကို ဆရာ ဆရာမ ၂၁ ဦးကို ကိုရီးယားနိုင်ငံသို့ ရွေးချယ်စေလွှတ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ၁၀ ရက် သင်တန်းပေးပါတယ်။ နောက်တစ်ခုကတော့ ပြည်တွင်းမှာရှိတဲ့ ဆရာ ဆရာမ ၁၂၀ ကို တစ်ရက် သင်တန်းပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**ဒီနေ့မှာအချိန်ပေးပြီးတော့ လာရောက်ဆွေးနွေးပေးကြတဲ့ ဆရာကြီး ဆရာမကြီးများအားလုံး အထူးပဲကျေးဇူးတင်ပါတယ်။**

**ဆက်သွယ်စုံစမ်းနိုင်**

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ်လျှောက်ထားခြင်းနှင့် ကြော်ငြာများထည့်သွင်းခြင်း ကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| မြန်မာ့အလင်း | - ၀၉-၄၄၂၅၅၀၇၆၄ |
| ကြေးမုံ | - ၀၉-၂၅၀၁၈၉၂၇၇ |

"Chinese New Year Promotion"
12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး







➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။
➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အခရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# နှစ်ပေါင်း ၃၀ နီးပါး အာဏာရယူခဲ့သည့် ကာဇက်စတန်သမ္မတ နာဇာဘာယက်ဗ် ရာထူးမှနုတ်ထွက်

**အက်စ်တာနာ မတ် ၂၀**

ကာဇက်စတန်နိုင်ငံတွင် သမ္မတအဖြစ် နှစ်ပေါင်း ၃၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့် နူရာဆူလ် နာဇာဘာယက်ဗ်သည် မတ် ၁၉ ရက်တွင် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အသက် ၇၈ နှစ် ရှိပြီဖြစ်သည့် သမ္မတ နာဇာဘာယက်ဗ်သည် ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲမီ အချိန်ကပင် ကာဇက်စတန်နိုင်ငံကို အုပ်ချုပ်ခဲ့သူဖြစ်ပြီး ၎င်းသမ္မတရာထူးမှ နုတ်ထွက်စဉ်တွင်လည်း ၎င်း၏နေရာကို ဆက်ခံသည့်သူအား ထင်ရှားပေါ်လွင်စွာထားခဲ့ခြင်းမရှိပေ။

နာဇာဘာယက်ဗ်သည် ကာဇက်စတန်သမ္မတရာထူးမှ နုတ်ထွက်သွားသော်လည်း ၎င်းသည် အရေးပါသော အာဏာများ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကာဇက်စတန်နိုင်ငံ ဖွဲ့စည်းပုံဆိုင်ရာ အဆင့်အတန်းအရ နိုင်ငံ့ခေါင်းဆောင်အဆင့်ရှိသည့် နိုင်ငံ၏ လုံခြုံရေးကောင်စီအကြီးအကဲရာထူးကို ရာသက်ပန်ရယူထားခြင်းကြောင့်ဖြစ်သည်။

ကာဇက်စတန်သမ္မတနိုင်ငံ၏ သမ္မတရာထူးမှ နုတ်ထွက်ရန် မိမိအနေဖြင့် ခက်ခဲသောဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရကြောင်း သမ္မတ နာဇာဘာယက်ဗ်က တိုင်းပြည်သို့ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ပြောဆိုခဲ့သည်။

အသက် ၆၅ နှစ်အရွယ်ရှိ ကာဇက်စတန် အထက်လွှတ်တော်ဥက္ကဋ္ဌ ကက်ဆန်ဂျိုမတ် တိုကာယက်ဗ်အား ၎င်း၏ရာထူးနေရာကို ရယူရန် သမ္မတ နာဇာဘာယက်ဗ်က ထောက်ခံပေးခဲ့ပြီး ကာဇက်စတန်သမ္မတသစ် ရွေးကောက်ပွဲကို လာမည့်နှစ် မတ်လတွင် ကျင်းပမည်ဟု သမ္မတ နာဇာဘာယက်ဗ်က ပြောကြားသည်။ **အေအက်ဖ်ပီ**



ကာဇက်စတန်သမ္မတ နာဇာဘာယက်ဗ်



ကာဇက်စတန် အထက်လွှတ်တော်ဥက္ကဋ္ဌ
ကက်ဆန်ဂျိုမတ် တိုကာယက်ဗ်

# ဘော့စနီးယားစစ်ရာဇဝတ်မှုများအတွက် ရာဒိုဗန်ကာရာဇစ်အား ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်



**သည်ဟိဂ် မတ် ၂၀**

ဘော့စနီးယားဆာ့ဘ် ခေါင်းဆောင်ဟောင်း ရာဒိုဗန်ကာရာဇစ်သည် လွန်ခဲ့သည့် ၂၅ နှစ်နီးပါးက ၎င်း၏နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် သွေးထွက်သံယိုမှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်း ၎င်းပါဝင်ခဲ့သည့် အခန်းကဏ္ဍများအတွက် တရားရုံးက ထောင်ဒဏ် တစ်သက်တစ်ကျွန်း စီရင်ချက်ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ရာဒိုဗန်ကာရာဇစ်အား လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှုဖြင့် ၂၀၁၆ ခုနှစ်အတွင်းက ၎င်းအပေါ် အနှစ် ၄၀ ထောင်ဒဏ်ချမှတ်ခဲ့မှုကို ရာဒိုဗန်ကာရာဇစ်က အယူခံဝင်ခဲ့မှုအား ကုလသမဂ္ဂ တရားသူကြီးများက စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းအမှုမှာ ယူဂိုဆလားဗီးယား ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက်တွင် တစ်ခုတည်းသော နောက်ဆုံးကျန်ရစ်သည့် စစ်ရာဇဝတ်မှုလည်း ဖြစ်သည်။

တစ်ချိန်သောအခါက အာဏာအပြည့်ဝဆုံးရှိခဲ့သည့် ဆာ့ဘ်နိုင်ငံရေး ခေါင်းဆောင်ဟောင်း ကာရာဇစ်သည် ယခုအခါ အသက် ၇၃ နှစ်ရှိပြီဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆရီဘရီနီကာ လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှုကြောင့် ၎င်းသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူလည်းဖြစ်သည်။

ယင်းလူအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုသည် ဒုတိယကမ္ဘာစစ်အပြီးတွင် ဥရောပတိုက်မြေပေါ်၌ အဆိုးရွားဆုံး သွေးထွက်သံယိုမှုကြီးဖြစ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အမ်အိုင်-၂၈ အင်န်အမ်တိုက်ခိုက်ရေး ရဟတ်ယာဉ်တွင် ပဲ့ထိန်းဒုံးကျည်သစ် တပ်ဆင်မည်ဟုဆို

**မော်စကို မတ် ၂၀**

ရုရှားနိုင်ငံ၏ ခေတ်အမီဆုံးတိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြစ်သည့် အမ်အိုင်-၂၈ အင်န်အမ်တွင် ပဲ့ထိန်းဒုံးကျည်သစ် တပ်ဆင်သွားမည်ဟု ဒေသတွင်း သတင်းဌာနတစ်ခုက မတ် ၂၀ ရက်တွင် ဖော်ပြသည်။

ပဲ့ထိန်းဒုံးကျည်သစ်ကို အာတီကယ်-၃၀၅ ဟု လျှို့ဝှက်အမည်ပေးထားပြီး ယင်းဒုံးကျည်ကို အမ်အိုင်-၂၈ အင်န်အမ်အမျိုးအစား ရဟတ်ယာဉ်အတွက် ပုံစံထုတ်ထားခြင်းဖြစ်ကြောင်းနှင့် ယင်းဒုံးကျည်သည် ၂၅ ကီလိုမီတာ အကွာအဝေးအထိ ပစ်လွှတ်နိုင်ကြောင်း ရဟတ်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်း သတင်းရင်းမြစ်ကို ကိုးကား၍ တာ့စ်သတင်းဌာနက ဖော်ပြသည်။

အသစ်တီထွင်ထုတ်လုပ်သည့် ပဲ့ထိန်းဒုံးကျည်သည် သံချပ်ကာယာဉ်များနှင့် ကွန်ကရစ်အားဖြည့်ခံတပ်များကို နေ့ရောညပါ တိုက်ခိုက်ဖျက်ဆီးနိုင်သည်ဟု ဆိုသည်။

လက်ရှိအချိန်တွင် ရုရှားတိုက်ခိုက်ရေးရဟတ်ယာဉ်များ၌ တပ်ဆင်သုံးစွဲနေသည့် ပဲ့ထိန်းဒုံးကျည်များသည် အကွာအဝေး ၁၅ ကီလိုမီတာထက် ပိုမိုပစ်ခတ်နိုင်ခြင်းမရှိဟု သတင်းရင်းမြစ်များက ပြောကြားသည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရွေးကောက်ပွဲတာဝန်ရှိသူခုနစ်ဦး သေဆုံး

**ဒါကာ မတ် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရွေးကောက်ပွဲတာဝန်ရှိသူခုနစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မတ် ၁၈ ရက်တွင် နိုင်ငံအရှေ့တောင်ပိုင်းရှိ ဘင်္ဂါအီချာရီမြို့၌ သေနတ်သမားများက မဲရုံအနီးသို့ရောက်ရှိလာကာ ရွေးကောက်ပွဲတာဝန်ရှိသူများအား ကားလေးစီးပေါ်မှ သေနတ်ဖြင့်ပစ်ခတ်သွားခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်ကဆိုသည်။

သေဆုံးသွားသူများမှာ ဆန္ဒမဲများ ရေတွက်ပြီး၍ အသီးသီးအိမ်ပြန်ကြရာတွင် ယင်းသို့ ပစ်ခတ်ခံရခြင်းဖြစ်သည်။

ခရိုင်ကိုယ်စားလှယ်လောင်းများ ရွေးချယ်တင်မြှောက်ရန် ရွေးကောက်ပွဲကို မတ် ၁၈ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အာဏာရပါတီကိုယ်စားလှယ်လောင်းများသာလျှင် အဆိုပါရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း အတိုက်အခံပါတီများက ရွေးကောက်ပွဲကို လက်ခံသဘောတူညီခြင်းမရှိသည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါသေနတ်သမားများသည် ရွေးကောက်ပွဲတာဝန်ရှိသူများအား သတ်ဖြတ်ရန်ကြိုတင်စီစဉ်ကာ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက မှတ်ချက်ပြုပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ ဂျပန်လူမျိုးများအား ကူညီထောက်ပံ့မှုပေးရန် ဂျပန်သံရုံးကမ်းလှမ်း

**ကျိုတို မတ် ၂၀**

ဗင်နီဇွဲလားနိုင်ငံရှိ ဂျပန်သံရုံးက ဂျပန်လူမျိုး ဗင်နီဇွဲလားနိုင်ငံသားများအား ကူညီထောက်ပံ့မှုများ ပေးခွင့်ပြုရန် ဗင်နီဇွဲလားအစိုးရထံ ယနေ့ စတင်ကမ်းလှမ်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ နိုင်ငံရေးအခြေအနေသည် တစ်နေ့တခြား ပိုမိုဆိုးရွားလာသည့်အတွက် ဂျပန်သံရုံးက ယင်းသို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား နိုင်ငံရေးထိပ်တိုက် ရင်ဆိုင်မှုများ ပိုမိုကြီးထွားလာသည့်အတွက် ပြည်သူများအနေဖြင့် အစားအစာနှင့် ဆေးဝါးထောက်ပံ့မှုများ ပြတ်လပ်ကာ နေ့စဉ်ရက်ဆက် ဆိုးရွားမှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။

ဂျပန်သံရုံးက ဗင်နီဇွဲလားနိုင်ငံတွင် အခြေချနေထိုင်ကာ နိုင်ငံသားခံယူပြီးဖြစ်သော ဂျပန်အလုပ်သမား ၄၀၀ ကျော်အား ကူညီထောက်ပံ့မှုများပေးနိုင်ရေးအတွက် ဗင်နီဇွဲလားအစိုးရအား ကမ်းလှမ်းလျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံသား ဂျပန်လူမျိုးများ၏ တောင်းခံမှုအရ ဂျပန်သံရုံးက မတ် ၁၆ ရက်တွင် ဆန်နှင့်ခေါက်ဆွဲခြောက်ထုပ်များပါသော ရိက္ခာထုပ်များနှင့် သောက်ရေဘူးများကို ပေးပို့ခဲ့သည်။



အတိုက်အခံခေါင်းဆောင်ဂွါအီဒိုအား ထောက်ခံသူများက
အစိုးရအား ဆန့်ကျင်ဆန္ဒပြစဉ်။

ယခုအချိန်တွင် ဗင်နီဇွဲလားနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့လျက်ရှိသည့်အတွက် ပစ္စည်းဥစ္စာခိုးယူလုယက်မှုများ နေရာအများအပြားတွင် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ အစားရေစာပြတ်လပ်မှုနှင့် ကြုံတွေ့နေရသော ဂျပန်လူမျိုးများထံ အဆိုပါထောက်ပံ့မှုများ ရောက်ရှိစေရန် မျှော်လင့်လျက်ရှိပါကြောင်း ဂျပန်သံအမတ်ကြီး ကင်ဂျီအိုကာဒါက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

❖ (၅၆)ကြိမ်မြောက်မှ

ပြပွဲအပြီးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ စီမံရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်ဦး၊ စီမံရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်ဇော်ဦး၊ ကျောက်စိမ်းလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးကျော်ဦးလွင်၊ ကျောက်မျက်လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးလှအောင်နှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသောင်းထွန်းတို့က (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချရသည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။



(၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချရသည့်အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

"ယခင်ပြပွဲတွေကို ဇွန်လ၊ ဇူလိုင်လ၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေမှာ ကျင်းပလေ့ရှိပါတယ်။ ယခုပွဲကိုတော့ မတ်လမှာကျင်းပတယ်။ ဖေဖော်ဝါရီလက တရုတ်နှစ်သစ်ကူးလဖြစ်နေတယ်။ ဘာဖြစ်လို့ မတ်လမှာ ကျင်းပတာလဲဆိုရင် မြန်မာ့ကျောက်စိမ်းအရိုင်းတွေကို တရုတ်နိုင်ငံက ရတနာကုန်သည်တွေက ဝယ်ယူမှုအများဆုံးဖြစ်နေလို့ပါပဲ။ ပြပွဲကို ဩစတြေးလျနိုင်ငံက တစ်ဦး၊ အမေရိကန်ပြည်ထောင်စုက နှစ်ဦး၊ အိန္ဒိယနိုင်ငံက ခြောက်ဦး၊ ထိုင်းနိုင်ငံက ၂၃ ဦးနဲ့ တရုတ်နိုင်ငံက ၂၈၇၉ ဦး တက်ရောက်ကြပြီး ပြည်တွင်းရတနာကုန်သည် ၁၆၄၆ ဦး တက်ရောက်ပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက ပြောသည်။

"ပြပွဲမှာ အားနည်းချက်မရှိအောင် ပြပွဲတိုင်းရဲ့ အားနည်းချက်တွေကို ပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း စတဲ့တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်ပြုပြင်မှုတွေ ဆောင်ရွက်ပါတယ်။ ဒီပြပွဲဟာ အောင်မြင်တဲ့ပြသရောင်းချပွဲလို့ဆိုရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဝယ်ယူတဲ့ကုန်သည်တွေရဲ့ ဝယ်ယူတဲ့ဈေးနှုန်းတွေကြောင့်ပါပဲ။ ခြုံငုံပြောရရင် အောင်မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဟူးကောင်းရတနာ ကျောက်မျက်ဆိုင်ပိုင်ရှင် ဦးရဲနီက "အရောင်းဆိုင်တွေဟာ အခြားပြပွဲတွေထက်စာရင် ရောင်းချရမှုအားနည်းတယ်။ နေပြည်တော်မှာရှိတဲ့ ပြည်သူတွေနဲ့ ဝန်ထမ်းတွေကိုယာယီဝင်ခွင့်ကတ်တွေနဲ့ ဝင်ခွင့်ပြုပြီး ကျောက်မျက်ရတနာအချောထည်တွေကို မြန်မာကျပ်ငွေနဲ့ ဝယ်ယူခွင့်ပြုပေးစေချင်တယ်။ ဒါဆိုရင် ဆိုင်ရှင်တွေလည်း ရောင်းကောင်းပြီး နိုင်ငံတော်အတွက် အခွန်ငွေလည်း တစ်ဖက်တစ်လမ်းက ရရှိစေမှာဖြစ်ပါတယ်။ နောင်လာမယ့်ပြပွဲတွေမှာ နိုင်ငံအတွင်းမှာရှိတဲ့ သံရုံးတွေ၊ စစ်သံရုံးတွေကိုလည်း လာရောက်ကြည့်ရှုစေချင်တယ်။ ကျောက်မျက်အရောင်းဆိုင်တွေ ရောင်းအားတက်စေဖို့ လာရောက်ကြည့်ရှုချင်တဲ့ အများပြည်သူတွေနဲ့ နိုင်ငံခြားကနေအစည်းအဝေးလာတက်တဲ့သူတွေကို ပြပွဲကာလမှာ ဝင်ခွင့်ပြု ကြည့်ရှုစေချင်တယ်"ဟု ပြောပြသည်။

၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် (၅၅) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ယူရိုငွေ ၄၂၃ ဒသမ ၁၁ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၅၂၅၉ တွဲ ရောင်းချခဲ့ရသော်လည်း အမှန်တကယ် ငွေပေးချေဝယ်ယူမှုတွင် ယူရိုငွေ ၃၃၁ ဒသမ ၉၀ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၄၂၆၀ တွဲအတွက်သာ ပေးချေခဲ့သည်။ထို့အတူ ယူရိုငွေ ၁ ဒသမ ၃၈ သန်း တန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲကို လည်းကောင်း၊ ယူရိုငွေ ၂ ဒသမ ၆၀ သန်းတန်ဖိုးရှိ ပုလဲအတွဲ ၃၄၁ တွဲကိုလည်းကောင်း ရောင်းချခဲ့ရသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲတွင် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အချိန်ယူပြင်ဆင်လျက်ရှိသည်။ ခြေစစ်ပွဲအကြိုပြင်ဆင်မှုများတွင် ရလဒ်ကောင်းများရထားကာ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Hero Gold Cup အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရယူနိုင်ခဲ့သည်။ ဗီယက်နမ်လက်ရွေးစင်အသင်းသည် ပြည်တွင်းနည်းပြဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဆီဒင်သတ်မှတ်ချက်ကြောင့် အိုလံပစ်ခြေစစ်ပွဲတွင် ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိုလံပစ်ခြေစစ်ပွဲတွင် အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ဗီယက်နမ်အသင်းမှာမူ ဂျော်ဒန်၊ ဟောင်ကောင်၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

✻ မြန်မာ ယူ-၁၈ အသင်းမှ

မတ် ၂၁ ရက် (ယနေ့) ထွက်ခွာမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းအပါအဝင် အာရှအင်အားကြီး တရုတ်၊ အာဆီယံအသင်းများဖြစ်သည့် ထိုင်းနှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မတ် ၂၃ ရက်တွင် ဗီယက်နမ်အသင်း၊ မတ် ၂၅ ရက်တွင် တရုတ်အသင်း၊ မတ် ၂၇ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃၊ ၄ နေရာရအသင်းမှာ တတိယလုပွဲကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ-ဦးရဲဝင်းအောင်၊ နည်းပြချုပ်-ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ဂိုး-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ **နောက်တန်း**- ရဲထက်အောင်၊ စည်သူမိုးခန့်၊ သော်ဇင်ထက်၊ ညဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ကိုကို၊ **အလယ်တန်း**- ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ ဩဘာခတို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

# ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIC အသင်း ချန်ပီယံဆုရယူ

**ရန်ကုန် မတ် ၂၀**

၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ MIC အသင်း ချန်ပီယံဆုရရှိသည်။

ပြိုင်ပွဲအပြီးတွင် MIC အသင်းက ပထမ၊ VUC အသင်းက ဒုတိယ၊ GV Athletic အသင်းက တတိယ၊ မြို့မ YTD အသင်းက စတုတ္ထ၊ UPT အသင်းက အဆင့် (၅)၊ AMM အသင်းက အဆင့် (၆)၊ ရွှေမြဝတီအသင်းက အဆင့် (၇)၊ Titans XII အသင်းက အဆင့်(၈)၊ Comrade အသင်းက အဆင့် (၉)၊ MFF ယူ-၁၉ အသင်းက အဆင့် (၁၀)၊ White Colour အသင်းက အဆင့် (၁၁)၊ PU အသင်းက အဆင့် (၁၂) ရရှိခဲ့သည်။ ပွဲစဉ်(၂၂) တွင် Titans XII အသင်းက PU အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ White Colour အသင်းက AMM အသင်းကို ရှစ်ဂိုး-ခြောက်ဂိုး၊ UPT အသင်းက Comrade အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ MFF ယူ-၁၉ အသင်းက ရွှေမြဝတီအသင်းကို ငါးဂိုး-လေးဂိုး၊ GV Athletic အသင်းက မြို့မ YTD အသင်းကို လေးဂိုး-တစ်ဂိုး၊ VUC အသင်းက MIC အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုပြိုင်ပွဲတွင် ရမှတ်တူပါက နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုစည်းမျဉ်းဖြင့် ဆုံးဖြတ်ရာ MIC အသင်းနှင့် VUC အသင်းသည် ၆၃ မှတ်စီတူညီသော်လည်း MIC အသင်းက နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ MIC အသင်းသည် ပထမအကျော့အိမ်ကွင်းပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီး ယခုဒုတိယအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း MIC အသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။အကောင်းဆုံးကစားသမားဆုကို ငြိမ်းမင်းစိုး (VUC) နှင့် အကောင်းဆုံးဂိုးသမားဆုကို ကျော်ထက်အောင် (MIC)တို့က ရရှိသည်။




**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ- MFF**



## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၅၅ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၅၈ သန်း) စုစုပေါင်းတားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၁၃ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးဆောင်ရွက်စဉ် ခြောက်ဘီးယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ အိတ် ၁၁၀ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃ သန်း)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေအိမ်လိုင်းခန်းဆောက်လုပ်ရန် မြေတူးရာမှ ဗုံးသီးဟောင်းများတွေ့ရှိ

**သာယာဝတီ မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မရဲစခန်းတွင် မတ် ၁၉ ရက်က လေးခန်းတွဲ နှစ်ထပ်နေအိမ်လိုင်းခန်း ဆောက်လုပ်ရန်



အတွက် မြေတူးရာမှ ဗုံးသီးအဟောင်းများ တွေ့ရှိခဲ့သဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ သာယာဝတီခရိုင်ရဲမှူး ယာယီဒု-ရဲမှူးကြီးအောင်ဇော်မိုး၊ လက်ပံတန်းမြို့နယ် ရဲမှူးဆွေဦးနှင့် အဖွဲ့ဝင်များက ရှင်းလင်းရေးဆောင်ရွက်ခဲ့ရာ ဘက်ဟိုးဖြင့်ကော်ထားသည့် မြေကြီးပုံအတွင်းမှ ဗုံးသီးအဟောင်း ၁၇၅ လုံးနှင့် သံချေးတက်နေသည့် လက်ပစ်ဗုံးအဟောင်း ၂၉ လုံး တွေ့ရှိခဲ့သည်။

အဆိုပါ တွေ့ရှိခဲ့သည့် ခဲယမ်းအဟောင်းများနှင့် မြေကြီးထဲတွင်မြုပ်လျက်ရှိသည့် ခဲယမ်းအဟောင်းများကို ရဲစခန်းဝင်းပြင်ပ ဘေးကင်းရာသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

## ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်၍ တစ်ဦးသေ၊ ၁၀ ဦး ဒဏ်ရာရ

**မိုးညှင်း မတ် ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင်အန္တရာယ် အက်စ်ကွေ့တွင် ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီခွဲခန့်က မော်ဟန်-လွယ်ခမ်းတောင်အန္တရာယ်အက်စ်ကွေ့တွင် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်းသတင်းအရ အမှတ်(၁၀၁)ယာဉ်ထိန်းတပ်ဖွဲ့စု ဒုရဲအုပ်အောင်လင်း၊ မော်ဟန်ရဲကင်းစခန်းမှ ဒုရဲအုပ်ဇော်လင်းနှင့် တာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အင်းတော်မှ မိုးညှင်းသို့ နေမျိုးဦးမောင်းနှင်လာသည့် မီနီဘတ်စ်အဖြူရောင်ယာဉ်သည် မိုင်တိုင်အမှတ် (၁၈၀/၇)နှင့် (၁၈၁/၀) ကြား လွယ်ခမ်းတောင်အတက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့သဖြင့် မောင်ချမ်းကိုကိုလင်း ရှမ်းကုန်းရပ်ကွက် ဆိုင်းတောင်ကျေးရွာ ဖားကန့်မြို့နယ်နေသူသည် အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး ခရီးသည် ၁၀ ဦး ဒဏ်ရာများ ရရှိခဲ့ကြသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း နေမျိုးဦးအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နီတိုး**

## ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၂၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်ဓမ္မာရုံတွင် မတ် ၁၄ ရက် နံနက်က ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်အောင်က ဒေသခံများ မူခင်းအသိပညာရရှိရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏အန္တရာယ်၊ ပြစ်မှု၊ ပြစ်ဒဏ် အကြောင်းအရာများကို လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာနှင့် လူကုန်ကူးခြင်း၊ လူကုန်ကူးခံရခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာများနှင့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံ ၈၀ ခန့်တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်ဘုရားလမ်းရှိ နာဂလိုဏ်ဂူစေတီတော်ရှေ့၌ မတ် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးယာဉ်ဖြင့် မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့်အဖွဲ့က ပြည်သူများအား မှုခင်းပညာပေး ဆွေးနွေးဟောပြောစဉ်။

ဇာနည်မောင်



ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် နေမျိုးအနော်ရထာလမ်းရှိ ပုညဝဇ္ဇနဓမ္မာရုံ၌ မတ် ၁၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင်က ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။

နေမျိုးထွန်း(ပြန်/ဆက်)



## အင်္ဂပူမြို့နယ်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**အင်္ဂပူ မတ် ၂၀**

အင်္ဂပူမြို့နယ် ဝက်သေကျေးရွာအုပ်စု အေးစေတီကျေးရွာနေ ဦးကာစင်၏နေအိမ်တွင် မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် နွားတင်းကုတ် သက်ငယ်အကာနှင့်နေအိမ်သို့ မီးကူးဆက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ အင်္ဂပူမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံးနှင့် နွားတင်းကုတ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ တရားမဝင် ပိတောက်သစ်များနှင့်အတူ ဘက်ဟိုးတစ်စီးနှင့် သစ်သယ်ယာဉ်များ ဖမ်းမိ

**မိုင်းဆတ် မတ် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ တရားမဝင်ပိတောက်သစ် ၁၈ တန်ကျော်နှင့်အတူ ဘက်ဟိုးတစ်စီး၊ ခြောက်ဘီးယာဉ်နှစ်စီးနှင့် ဆိုင်ကယ်သုံးစီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းဆတ်မြို့ မယ်နင်ကျေးရွာအုပ်စု နောင်ဖာကျေးရွာအရှေ့ဘက် အုတ်ကွင်းအနီးတွင် တရားမဝင်ပိတောက်သစ်များ စုပုံထားရှိပြီး သယ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းအရ မတ် ၁၈ ရက် ည ၉ နာရီခွဲခန့်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဆလိုင်းပိုင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်စိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဌေးလှိုင်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးသန်းနိုင်တို့ဦးဆောင်သော ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရာ TOYOTA DYNA ခြောက်ဘီးယာဉ်နှင့် ISUZU ခြောက်ဘီးယာဉ်ပေါ်တွင် ပိတောက်သစ်စကွဲယားတုံး နှစ်တန်ခန့်နှင့် အနီးပတ်ဝန်းကျင်မှ ပိတောက်သစ်စကွဲယားတုံး ၁၆ တန်ကျော် စုစုပေါင်း ပိတောက်သစ်စကွဲယားတုံး ၁၉၆ တုံး(၁၈ ဒသမ ၆၅၆၂ တန်)၊ သစ်များတင်ဆောင်ရာတွင် အသုံးပြုသော ဘက်ဟိုးယာဉ်တစ်စီးနှင့် ဆိုင်ကယ်သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**သန်းဇော်(မိုင်းဆတ်)**



## ဘိုကလေးမြို့၌ မီးဘေးလုံခြုံရေး ကြိုတင်စီမံဆောင်ရွက်

**ဘိုကလေး မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့အမှတ်(၅)ရပ်ကွက်၌ မတ် ၂၀ ရက် နံနက် ၈ နာရီက မီးဘေးလုံခြုံရေး မီးငြိမ်းသတ်သရုပ်ပြ လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘိုကလေး မြို့ပေါ်ရပ်ကွက်များ၌ ရုတ်တရက် မီးဘေးအန္တရာယ်ကြုံလာပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်ယာဉ် လေးစီး၊ အပေါ့စား မီးသတ်စက် ၁၅ လုံး၊ ရေထိုင်စက် သုံးလုံး အသုံးပြုလေ့ကျင့်ခဲ့ပြီး သရုပ်ပြလေ့ကျင့်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးအောင်ခင်ဗိုလ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးစံမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံများ စုစုပေါင်း ၁၀၀ ကျော် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သိန်းထွန်း (IR) ၏ ဆောင်းပါးပေါင်းချုပ်





စာရေးသူသိန်းထွန်း (IR) ၏ ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် The Voice Daily သတင်းစာ၊ မြန်မာ့အလင်း သတင်းစာ၊ ကြေးမုံသတင်းစာနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင် တို့တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ဆောင်းပါး ၅၇ ပုဒ်ပါရှိသည်။

"ဤဆောင်းပါးပေါင်းချုပ်အနေဖြင့် မြန်မာစာဖတ်ပရိသတ်အတွက် လိုအပ်သော ကွက်လပ်တစ်ခု ဖြည့်ဆည်းပေးခွင့်ရလိုက်သကဲ့သို့ မြန်မာ စာပေလောကအတွက် အုပ်တစ်ချပ် သဲတစ်ပွင့်ပမာ တစ်ထောင့်တစ်နေရာမှ တစ်စုံတစ်ရာကို အားဖြည့်ပေးသည့်စာအုပ်ကောင်းတစ်အုပ်"ဟု ထုတ်ဝေသူ ၏ အမှာစာတွင် ညွှန်းဆိုထားသည်။

**စာအုပ်ကိုကြယ်စင်စာပေ (စာ /၄၁၈) သန္တာ(၅)လမ်း မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့၊ဖုန်း ၀၉-၄၂၁၀၁၀၀၃၇ မှ တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## CEC အခြေခံအင်္ဂလိပ်သဒ္ဒါ




ဆရာဦးထွန်းထွန်းအောင်၏ CEC အခြေခံအင်္ဂလိပ်သဒ္ဒါစာအုပ် ပထမ အကြိမ်အဖြစ် ယခုလတွင် ထွက်ရှိလာသည်။

ယခုထွက်ရှိလာသည့် CEC အခြေခံအင်္ဂလိပ်သဒ္ဒါစာအုပ်တွင် သရနှင့် ဗျည်းခွဲခြားပုံ၊ မြန်မာသင်ပုန်းကြီး၊ ဝါစင် ၈ မျိုး၊ ဝိသေသနအသုံးပြုပုံ စသည့် အင်္ဂလိပ်စာကို အခြေခံမှစ၍လေ့လာသူတိုင်းအတွက် ပိုမိုလွယ်ကူစေရန် အသံထွက်ကို Oxford Dictionary မှ အသံထွက်အတိုင်း ရေးသား ထားခြင်း၊ ဝါကျတည်ဆောက်ပုံများ၊ ကာလ ၁၂ မျိုး၊ ဝါကျ ၂၄ မျိုး တည်ဆောက်ပုံများကိုလည်း ရိုးရှင်းလွယ်ကူကို အဓိကထားပြုစုရေးသား ထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်သည် အင်္ဂလိပ်စာကို အခြေခံမှစ၍ လေ့လာလိုက်စားသူများအတွက် ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို တန်ဖိုး ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။**

## လူသားတို့၏ရတနာ




သီတဂူ ဒေါက်တာအရှင်ဉာဏဝရ(သဗ္ဗမင်္ဂလာ) စီစဉ်ရေးသားသည့် လူသားတို့၏ ရတနာ စာအုပ်ထွက်ရှိလာသည်။

သားသမီးများသည် မိဘတိုင်း၏ရတနာများပင်ဖြစ်သောကြောင့် ထိုသားသမီးများသည် ယဉ်ကျေးလိမ္မာသော သားသမီးများရှိကြသော်လည်း တချို့သားသမီးများမှာ ရိုင်းစိုင်းသောသားသမီးများရှိတတ်ကြသည်။ ထိုသို့ ရိုင်းစိုင်းသောသားသမီးများသည် တစ်ချိန်တစ်ခါတွင် ပြန်လည်ယဉ်ကျေး သိမ်မွေ့လာတတ်သည်။ အဆိုပါစာအုပ်ကိုဖတ်ရှုလေ့လာခြင်းဖြင့် လူမှု ပတ်ဝန်းကျင်နှင့် မိမိမိသားစုအသိုင်းအဝိုင်းတွင် ယဉ်ကျေးလိမ္မာလာစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄(ဘီ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။**

## တပ်မတော်ထောက်လှမ်းရေးအရာရှိများနှင့် တွေ့ဆုံခြင်း




အွန်လိုင်းဝဏ္ဏ စီစဉ်ရေးသားသည့် တပ်မတော်ထောက်လှမ်းရေး အရာရှိ များနှင့် တွေ့ဆုံခြင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘူးသီးတောင်၊ မောင်တောနယ်စပ်ဒေသကွပ်ကဲမှု ဌာနချုပ် (နစက)ကွပ်ကဲရေးမှူး၊ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ဗိုလ်မှူးကြီး သက်ထွန်း (ငြိမ်း)၊ အတွင်းရေးမှူး(၂)ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘအေး(ငြိမ်း)၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေး မှူး ဗိုလ်ချုပ်ကျော်ဝင်း (ငြိမ်း)၊ ဘူးသီးတောင်ထောက်လှမ်းရေး (၁၈) တပ်မှူးဟောင်း ဗိုလ်မှူးဝင်းမြင့် (ငြိမ်း)၊ စစ်တွေထောက်လှမ်းရေး (၁၀) တပ်မှူးဟောင်း ဗိုလ်မှူး ဝင်းမောင်မောင်(ငြိမ်း)တို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားထားသည်။

အာဏာရသူအားလုံး သတိထားဆင်ခြင်နိုင်ရန် အထောက်အကူဖြစ်မည်ဟု ဦးဝင်းထိန်က အမှာစာရေးသားထားသည်။

**စာအုပ်ကို The SPEAKER news journal၊ အမှတ်-၅၊ ပုညဝမုနလမ်း၊ မလွှကုန်းဒွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း- ၀၉- ၉၇၅၇၀၄၄၉၁မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

# ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း









မတ် ၂၁နှင့် ၂၃ ရက်တို့တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန်၊ ဧပြီလ ပထမပတ်တွင် အိုလံပစ် ခြေစစ်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း မတ် ၂၀ ရက် ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာ သီရိကွင်း၌ လေ့ကျင့်နေမှု။

ဓာတ်ပုံ - စိုးညွန့်

## တိုတိုထွာထွာဖတ်စရာ

### စည်ပင်ရွေးကောက်ပွဲအတွက် မဲရုံမှူးသင်တန်းပို့ချ

**ရန်ကုန်**

ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကို မတ် ၃၁ ရက်တွင် တစ်ပြိုင်နက် ပြုလုပ်သွားမည်ဖြစ်ရာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ မဲရုံများတွင် မဲရုံမှူးနှင့် ဒု-မဲရုံမှူးတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအား ရွေးကောက်ပွဲဆိုင်ရာအသိပညာများ သင်တန်းပေးခြင်းကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက (၁) ကျောင်း၌ မတ် ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၃၂ ခုတွင် မဲရုံပေါင်း ၁၇၅ ရုံ ထားရှိသွားမည်ဖြစ်ပြီး မဲပေးမည့်သူအရေအတွက် နှစ်သိန်းကျော်ခန့်ရှိကြောင်း၊ ဝင်ရောက်အရွေးချယ်ခံမည့်သူ ကိုးဦးရှိကြောင်း သိရသည်။ **ကိုထက်**

### ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်လက်ခံ

**ကော့သောင်း**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသည့်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၅၁ ဦး၊ အမျိုးသမီးကိုးဦးနှင့် ကလေးနှစ်ဦး အပါအဝင် အလုပ်သမား ၆၂ ဦးကို ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် မတ် ၁၉ ရက် ညနေပိုင်းက ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့်ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

### ထင်း ၁၃ တန်ကျော် ဒေသခံပြည်သူများထံ ဖြန့်ဝေ

**ပေါက်**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထင်းတန် ၁၃ ဒသမ ၃၂ တန်အား ရေကတောကျေးရွာနေပြည်သူများထံ မတ် ၁၈ ရက် နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးခဲ့သည်။

၎င်းနောက် သဘာဝတောတိုး ဓမ္မတာမျိုးဆက်ခြင်းဧက ၁၀၀ မှ ထွက်ရှိသည့်ထင်း ၁၃ ဒသမ ၃၂ တန်အား ကျေးရွာနေပြည်သူများထံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

### ဖျာပုံမြို့ ဆရာဇော်ဂျီစာကြည့်တိုက်၌ ပန်းချီနှင့် စာပေသင်တန်းဖွင့်လှစ်

**ဖျာပုံ**

စာစီစာကုံး၊ ကဗျာရေးသားနည်းနှင့် ပန်းချီအခြေခံသင်တန်းများကို မတ် ၁၉ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်လျက်ရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထွဋ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းစိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဖျာပုံ)ဥက္ကဋ္ဌ ဦးလှတိုးနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးသိန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

နွေရာသီပန်းချီအခြေခံသင်တန်းတွင် အသက်ခုနစ်နှစ်မှစ၍ တက်ရောက်နိုင်ပြီး စာစီစာကုံးနှင့်ကဗျာရေးနည်းသင်တန်းသို့ အခြေခံပညာအလယ်တန်းအဆင့် တက်ရောက်နိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



မတ် ၉ ရက် အလုံမြို့နယ် ကရင်ခြံရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမ သမဝါယမဝင်းအတွင်း မှုခင်းကျဆင်းရေးအတွက် အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြင့်ကြည်နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇင်ထိုက်တို့ ပြည်သူများကို အသိပညာပေးဟောပြောစဉ်။ တင်မောင်ဦး(အလုံ)

# နှစ် (၇၀) ပြည့် ပအိုဝ်းအမျိုးသားနေ့ သထုံမြို့တွင် စည်ကားစွာကျင်းပ

**သထုံ မတ် ၂၀**

နှစ်(၇၀)ပြည့်ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၂၀ ရက်နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သည့် နှစ် (၇၀) ပြည့် ပအိုဝ်းအမျိုးသားနေ့ဂုဏ်ပြုသဝဏ်လွှာကို ပြည်နယ်ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်က ဖတ်ကြားသည်။

ပအိုဝ်းမင်းတစ်ပါးဖြစ်သည့် သူရိယစန္ဒာမင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ခန့်က သထုံပြည်တွင် တပေါင်းလပြည့်နေ့ နေအထွက် လအဝင်အချိန်၌ မွေးဖွားခဲ့ပြီး ရွှေစာရံစေတီတော်ကြီးကို တည်ထားကြောင်း၊ ထိုမင်း၏ ကျေးဇူးတရားတို့ကို အောက်မေ့၍ ရှေးအခါကတည်းက တပေါင်းလပြည့်နေ့ရောက်တိုင်း စေတီတော်ကုန်းမြေတွင် ကောက်ဦးပူဇော်ကပ်လှူခြင်း၊ အဝေးအနီး ဆွေမျိုးများတွေ့ဆုံခြင်းတို့ကို နှစ်စဉ်ပြုလုပ်ခဲ့ကြသည်။

ယခုအခါတွင် ပအိုဝ်းတိုင်းရင်းသားများ နေထိုင်ရာ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ရန်ကုန်မြို့တွင် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၀**

ဓာတ်ပုံပညာစိတ်ဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် Canon Photo Marathon ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် မတ် ၃၀ ရက်တွင် ရန်ကုန်မြို့သုဝဏ္ဏအမျိုးသားအားကစားရုံ(၁) ၌ ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ခေါင်းစဉ်နှစ်ခုကို ပြိုင်ပွဲတာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမည့်ရက် နံနက်ပိုင်းတွင် မဲနှိုက်ရွေးချယ်၍ ကြေညာမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် ခေါင်းစဉ်ရရှိပြီးနောက်တွင် ပြိုင်ပွဲခန်းမမှ ထွက်ခွာကာ အဆိုပါခေါင်းစဉ်နှင့်အညီ မိမိရိုက်ကူးလိုသည့် နေရာများသို့သွားရောက်၍ မိမိစိတ်ကြိုက်ပုံဖော်ရိုက်ကူးထားသည့် ဓာတ်ပုံကို သတ်မှတ်ချိန်အမီ လာရောက်ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့်သူများအနေဖြင့် ခေါင်းစဉ်နှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ခေါင်းစဉ်တစ်ခုစီအတွက် သတ်မှတ်ချိန်နှစ်ချိန်တွင် သီးခြားစီ တင်သွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ရာ ပထမဆု ငွေကျပ် ၁၇ သိန်းခန့်တန်ဖိုးရှိ Canon EOS 77D (18-135) Camera with Lens၊ ဒုတိယဆု ငွေကျပ်ခုနစ်သိန်းခွဲခန့်တန်ဖိုးရှိ Canon EOS 1500D (18-55) Camera with Lens နှင့် တတိယဆု ငွေကျပ်ငါးသိန်းခွဲခန့်တန်ဖိုးရှိ Canon EOS 3000D (18-55) Camera with Lens တို့ကို ချီးမြှင့်မည်ဖြစ်သည်။

ထို့ပြင် Grand Prize ဆုကိုလည်း သီးခြားချီးမြှင့်ပေးမည်ဖြစ်ကာ ဆုရရှိသူအနေဖြင့် ငွေကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိ EOS R(24-105) Camera with Lens တစ်လုံးအပြင် အထူးအခွင့်အရေးအဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် Canon Photo Marathon Asia Championship ပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် Canon Photo Marathon Myanmar Facebook Page မှတစ်ဆင့် Online Registration ပြုလုပ်နိုင်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့တို့ရှိ Canon အရောင်းပြခန်းများတွင်လည်း မတ် ၂၅ ရက် နောက်ဆုံးထားကာ လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အေးမင်းသူ**

# သဃ်္ဃန်းကျွန်းအထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ရန်ကုန် မတ် ၂၀**

အမေရိကန်အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Cardio Start International နှင့် Rotary Club of Central Yangon တို့ပူးပေါင်း၍ သဃ်္ဃန်းကျွန်း အထွေထွေရောဂါကုဆေးရုံကြီးသို့ တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့်ရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ဆေးရုံသုံးပစ္စည်းများ လှူဒါန်း**

"ကျွန်တော်တို့အဖွဲ့က ကျန်းမာရေးအဖွဲ့တွေနဲ့ ညှိနှိုင်းပြီးလုပ်တာပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရွေးချယ်ပေးတဲ့ဆေးရုံတွေကို လှူဒါန်းတာပါ။ ဆေးရုံသုံးပစ္စည်းအမျိုးပေါင်း ၆၆၂ မျိုးလောက်ပါတယ်၊ အထွေထွေဆေးရုံကြီးဖြစ်တဲ့အတွက် ဆေးရုံမှာလိုအပ်တဲ့ပစ္စည်း အကုန်မရရင်တောင် ကလေးအတွက်ရော၊ လူကြီးအတွက်ပါ အသုံးတည့်မယ့် ပစ္စည်းတွေဖြစ်ပါတယ်" ဟု Rotary Club of Central Yangon မှ ဦးထွန်းထွန်းအေးက ပြောသည်။

သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါ်လတ်လတ်အေးက "သဃ်္ဃန်းကျွန်းဆေးရုံက ခုတင် (၅၀၀) ဆံ့ဆိုပေမယ့် တစ်နေ့ကို လူနာ ၇၀၀ ကျော် ၈၀၀ နီးပါးရှိပါတယ်။ လူနာတွေအတွက် လိုအပ်တဲ့ဆေးဝါးတွေကို နိုင်ငံတော်ကလည်း ထောက်ပံ့ပေးနေပါတယ်။ အခုလို အလှူရှင်တွေကလည်း လာရောက်လှူဒါန်းတဲ့အခါကျတော့ လူနာတွေအတွက် အများကြီးအသုံးဝင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

Rotary Club of Central Yagon ၏ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်ခြောက်ရပ်တွင်ပါဝင်သည့် လုပ်ငန်းစဉ်များထဲမှ ရောဂါဘယတိုက်ဖျက်ရေး လုပ်ငန်းစဉ်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် Project C.U.R.E တို့ပူးပေါင်းပြီး ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပေ ၄၀ ကွန်တိန်နာတစ်လုံးစာ ဆေးရုံသုံးပစ္စည်းများကို လှူဒါန်းခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလတွင် ရွှေဘို၊ ညောင်ဦး၊ မြောက်ဦး၊ တိမ်ညိုနှင့် ပျားတဲဒေသရှိ ဆေးရုံငါးရုံတွင် လှူဒါန်းခဲ့ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဆက်လက်လှူဒါန်းသွားရန် အစီအစဉ်များရှိကြောင်း သိရသည်။ **သီသီမင်း**

# ယခုနှစ်ပထမသုံးလအတွင်း မြန်မာနိုင်ငံပြည်တွင်း၌ မြေလျှင် ၃၂ ကြိမ်အထိ လှုပ်ခတ်ခဲ့

**ရန်ကုန် မတ် ၂၀**

ယခုနှစ်အတွင်း ဇန်နဝါရီလမှ မတ်လ ၁၈ ရက်အထိ မြန်မာနိုင်ငံပြည်တွင်းဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေလျှင် ၂၈ ကြိမ်နှင့် အင်အားအသင့်အတင့်ရှိ မြေလျှင်လေးကြိမ် စုစုပေါင်း မြေလျှင် ၃၂ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း မြေလျှင်ဌာနခွဲ (နေပြည်တော်) မှ သိရသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံကုန်းတွင်းပိုင်း၌ မြေလျှင် ၆၉ ကြိမ်နှင့် ရန်ကုန်မြို့အောက်ဘက် အက်ဒမန်ပင်လယ်အတွင်းတစ်ကြိမ် စုစုပေါင်း လျှင် အကြိမ် ၇၀ လှုပ်ခတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြေလျှင် ၁၆၅ ကြိမ်အထိ လှုပ်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ယာယီမြေလျှင်စက် တပ်ဆင်ခြင်း၊ မြေလျှင်ဖြစ်နိုင်ခြေအလားလာရှိသည့် ဒေသများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသစ်(MNA)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၅၃။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၁၂၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) မှ (တ) အထိ၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) နှင့်(ဂ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်း မှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ အလုပ်သမားမည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၅။ အလုပ်သမားမည်သူမဆို ပုဒ်မ၃၀၊ ပုဒ်မခွဲ (င) နှင့် (ဆ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ်ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ ထုတ်လုပ်သူ၊တင်သွင်းရောင်းချသူ၊တပ်ဆင်သူ သို့မဟုတ် ဖြုတ်သိမ်းသူ၊ တည်ဆောက်သူ သို့မဟုတ် ဖြိုဖျက်သူမည်သူမဆို ပုဒ်မ ၃၁၊ ၃၂နှင့် ၃၃တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မှတ်ပုံတင်ဆရာဝန် မည်သူမဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၉။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) သင်တန်းပေးသူမည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) သင်တန်းကျောင်းတည်ထောင်သူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၆၀။ မည်သူမဆို-

(က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့်ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၁။ အလုပ်ရှင်မည်သူမဆို -

(က) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က)၊ (ခ) နှင့်(ဂ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှအများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက်အသီးသီးအတွက် ထိုသူကိုတစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

၆၂။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့်ပုဂ္ဂိုလ် မည်သူမဆို ပုဒ်မ ၂၅ နှင့် ၅၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း**

၆၆။ ကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရမည်-

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ။

**အခန်း (၁၇)**

**အထွေထွေ**

၆၇။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်နေလျှင် အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြား သတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များနှင့်အယူခံကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့ကခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၀။ ကောင်စီ၏ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သောဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၁။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၂။ ဝန်ကြီးဌာနသည် လိုအပ်ပါက စစ်ဆေးရေးအရာရှိချုပ်၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ဒုတိယစစ်ဆေးရေးအရာရှိချုပ်တစ်ဦးကို ခန့်ထားနိုင်သည်။

၇၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အသက်ကယ်လှေများ လှူဒါန်း

**ရန်ကုန် မတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Myanmar Blue Sky Rescue Development Council မှ ရော်ဘာအသက်ကယ်လှေသုံးစင်းနှင့် အသက်ကယ်အင်္ကျီ ၁၀ ခု ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ တိုင်းဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ကျွန်တော်တို့နိုင်ငံမှာ ရေဘေးအန္တရာယ်လိုဖြစ်ပွားပြီဆိုရင် သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ အမျိုးသမီးတွေက အများစုပါ။ သူတို့ကယ်တင်ဖို့က ခုလို အသက်ကယ်လှေတွေ လိုအပ်ပါတယ်။ အခု ဒီအသက်ကယ်လှေတွေကိုလည်း ဒီအတွက်အသုံးပြုသွားမှာ ဖြစ်ပါတယ်"ဟု ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

Myanmar Blue Sky Rescue Development Council သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်ကတည်းက မြန်မာကျောင်းသားများအား ရေခဲတောင်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဘေးအန္တရာယ်ဆိုင်ရာသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

China Blue Sky Rescue Team သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကယ်ဆယ်ရေးအဖွဲ့ပေါင်း ၆၀၀ ကျော်ရှိသည့်အနက် ထိပ်တန်းလူသိများသော အရပ်ဘက်ကယ်ဆယ်ရေးအဖွဲ့ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ကယ်ဆယ်ရေးကျွမ်းကျင်သူပညာရှင် ၂၀၀၀၀ ခန့်ရှိပြီး စေတနာ့ဝန်ထမ်း ၃၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



# စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်း

**စားသုံးသူကာကွယ်ရေးဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း၁၀ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို စားသုံးသူကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။ ကျန်အခန်းများပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **စားသုံးသူကာကွယ်ရေး**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏အခွင့်အရေးနှင့်အကျိုးစီးပွားကိုကာကွယ်ပေးခြင်းနှင့် စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား ကော်မရှင်နှင့်ကော်မတီအဆင့်ဆင့်တို့မှ သတ်မှတ်ဆောင်ရွက်ပေးသည့် မျှတမှုရှိသောလုပ်ငန်းစဉ်ကိုဆိုသည်။
(ခ) **စားသုံးသူ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန် မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားခြင်း ပြုလုပ်သူများ သို့မဟုတ် ပေးကမ်းထောက်ပံ့ခြင်းခံရသူများကို ဆိုသည်။
(ဂ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ထောက်ပံ့ပေးခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း ဆောင်ရွက်သူကိုဆိုသည်။
(ဃ) **ကုန်စည်**ဆိုသည်မှာ စားသုံးသူကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူများအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုသော အရာဝတ္ထုကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေရေးကြေးရေးဆိုင်ရာ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း၊ အစုရှယ်ယာ၊ ငွေချေးလက်မှတ်၊ ငွေကြေးစသည့်ကိစ္စရပ်များလည်းပါဝင်သည်။
(င) **ဝန်ဆောင်မှု** ဆိုသည်မှာ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏ လိုအပ်ချက်ကိုတန်ဖိုးဖြင့်ဖြစ်စေ၊ တန်ဖိုးမပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကိုဆိုသည်။
(စ) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တန်ဖိုးသတ်မှတ်၍ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော ပြုလုပ်မှုကိုဆိုသည်။
(ဆ) **လိမ်လည်လှည့်ဖြားခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မှားယွင်းသောဖော်ပြခြင်းဖြင့်ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ စားသုံးသူကလွဲမှားစွာ လက်ခံစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကိုဆိုသည်။
(ဇ) **ထင်ယောင်ထင်မှားဖြစ်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကိုဆိုသည်။
(ဈ) **ကြော်ငြာခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမှုအယာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ စားသုံးသူသိရှိစေရန် ရည်ရွယ်၍ဆောင်ရွက်မှုကိုဆိုသည်။
(ည) **အရောင်းမြှင့်တင်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူများ ပိုမိုသိရှိနားလည်၍ အသုံးပြုမှုတိုးပွားလာစေရန် အလို့ငှာ နည်းလမ်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော နည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်သည့်ဆောင်ရွက်မှုကိုဆိုသည်။
(ဋ) **နစ်နာဆုံးရှုံးမှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည်ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်စေခြင်းကိုဆိုသည်။
(ဌ) **ကုန်အညွှန်းအမှတ်အသား**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ကုန်စည်ထုပ်ပိုးမှု အပြင်အဆင်ပေါ်တွင် စာဖြင့်ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသည့် ကုန်စည်နှင့် သက်ဆိုင်သည့် အချက်အလက် သို့မဟုတ် အမှတ်အသားကိုဆိုသည်။
(ဍ) **ဘေးအန္တရာယ်ရှိသောကုန်စည်သို့မဟုတ်ဝန်ဆောင်မှု**ဆိုသည်မှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက စားသုံးရန် သို့မဟုတ် အသုံးပြုရန်မသင့်ဟု သတ်မှတ်ထုတ်ပြန်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုဆိုသည်။
(ဎ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဏ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကို ဆိုသည်။
(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုဆိုသည်။
(ထ) **ဦးစီးဌာန**ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည်။
(ဒ) **ဦးစီးမှူးရုံး**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဦးစီးဌာန၏ ရုံးများကိုဆိုသည်။
(ဓ) **ကော်မတီ**ဆိုသည်မှာ ကော်မရှင်က ဤဥပဒေပုဒ်မ ၁၇ အရ ဖွဲ့စည်းသော စားသုံးသူရေးရာကော်မတီကိုဆိုသည်။
(န) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စားသုံးသူရေးရာဦးစီးဌာနက ဤဥပဒေအရ စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူကိုဆိုသည်။
(ပ) **စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့**ဆိုသည်မှာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အသင်းအဖွဲ့ကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊
(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊
(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊
(ဃ) စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သောအရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊
(င) စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း ဥပဒေနှင့်အညီဆောင်ရွက်စေရန်၊
(စ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရန်၊
(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးမှုများ၊ ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာမှုရှိစေရေးအတွက် အပြန်အလှန် ပူးပေါင်းကူညီဆောင်ရွက်ရန်၊
(ဇ) စားသုံးသူတို့ကို ဘေးအန္တရာယ်ဖြစ်စေသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးနိုင်ရန်။

**အခန်း (၃)**
**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည် -
(က) စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကြီးအကဲများမှ တာဝန်ပေးအပ်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်။
(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်အဖွဲ့ဝင်ဦးရေကို ၂၉ဦး ထက်မပိုသော 'မ' ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။
(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကော်မရှင်ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မ ၄ အရ ဖွဲ့စည်းသည့်ကော်မရှင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကခွင့်ပြုသော စရိတ်နှင့်ချီးမြှင့်ငွေကိုခံစားခွင့်ရှိစေရမည်။

၇။ ကော်မရှင်အတွင်းရေးမှူးသည် ကော်မရှင်၏ကိစ္စအဝဝနှင့် သက်ဆိုင်သည့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သောကော်မရှင်အဖွဲ့ဝင်များသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မရှင်ဥက္ကဋ္ဌက ခွင့်ပြုရမည်။

၉။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းအရာတစ်ခုခု ဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲရမည် -
(က) ကွယ်လွန်ခြင်း၊
(ခ) မိမိ၏ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊
(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့သည်အထိ ကျန်းမာရေး ချို့ယွင်းခြင်း၊
(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်ကျခံရခြင်း။

၁၀။ ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်တစ်ဦးဦးနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်တို့နှင့်အညီ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အဖွဲ့ဝင်အသစ်ဖြည့်စွက်ခန့်ထားနိုင်သည်။

၁၁။ ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော မည်သည့်ကော်မရှင်အဖွဲ့ဝင်ကိုမဆို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲနိုင်သည်။

**အခန်း (၄)**
**ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များ**

၁၂။ ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း၊
(ခ) ဤဥပဒေ၏ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊
(ဃ) စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲခြင်းနှင့် အစီအမံများချမှတ်ခြင်း၊
(င) ထူးခြားသည့်အခြေအနေနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာပါက မိမိ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအစီအမံများကို အစိုးရအဖွဲ့သို့ တင်ပြခြင်း၊
(စ) စားသုံးသူအသုံးပြုမည့် သို့မဟုတ် စားသုံးမည့်ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရန် ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးခြင်း၊
(ဆ) စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုန်စည်ကိုသက်ဆိုင်ရာ အစိုးရဌာနများ၏ ဓာတ်ခွဲခန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးနိုင်ရန် ဦးစီးဌာနသို့ တာဝန်ပေးအပ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

## ရတနာ့ခရီး

ဗုဒ္ဓဂယာနှင့် သီရိလင်္ကာနိုင်ငံဘုရားဖူးပို့ဆောင်ရေး

ဗုဒ္ဓဂယာ မြေမြတ်မဟာ သင်္ကြန်အထူးခရီးစဉ်

12-19 April ၈ရက်

All 4 Star Hotel Package

သီရိလင်္ကာဗုဒ္ဓစွယ်တော်မြတ်လှည့်ပွဲ ၇ရက် 05 - 10 Aug 2019

မွန်ဘိုင်း ၈-ရက်ခရီးစဉ် 13 - 20 April 2019

ကပ်ရှမီး ၈-ရက်ခရီးစဉ် 13 - 20 April 2019

အမှတ် ၁၁၃/၁၁၅၊ ပထမထပ်၊ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ Tel: 01201334, 09 5069882, 09 73029315, 09 5158074

Email : easygotour9@gmail.com , tour.easygotravel@gmail.com MAI THAI

## ရွှေလမ်းညွှန်

ထားဝယ်ရှင်ကိုရှင်၊ မြိတ်၊ မောင်းမကန်၊ ပုလောကျွန်း ... 140000

မြစ်ကြီးနား၊ မြစ်ဆုံ၊ ဖန်းမောက်ရွှေဘို၊ မိုးကုတ် ... 125000

... 105000

09-420087371, 09-262705136

## Pleasant Times

Travels & Tours Co., LTD

မြစ်ကြီးနား - အင်းတော်ကြီး - ဇလုံတောင် - မန္တလေး

အထူးခရီးစဉ် (April - 12th) ထွက်ခွာပါမည်။

အမှတ်(၉၀/B), အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

Ph: 01 - 931 7249, 09 - 454 454 310 , 09 - 454 454 320

## Mega Two Star

သင်္ကြန်ခရီးစဉ်များ လိုင်စင် ခ-၂၆၂

* တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (၅ည၊၅ရက်) 180,000/-
* ထားဝယ်(ရှင်ကိုရှင်)-မောင်းမကန်ကမ်းခြေ-ရေမျော် (၅ည၊၅ရက်) 180,000/-

Hotel, Restaurant, တစ်ဆင့်သွားခ (ပါဝင်ပြီး) March 31 ထိ 5% Discount

09-5141446, 09-5032762, 09-965141446 April 12~16

## ဇလုံတောင်၊အညာသီဟတောင်မိုးကုတ်

(၄)ရက်ခရီး စနေ/တနင်္ဂနွေ (မ'ပါ) ၆၀၀၀၀/-(22.3.2019) ထွက်မည်။

ရွှေစက်တော်၊အလောင်းတော်ကဿပ

ဗိုလ်တင်တောင်၊ရွှေဘာတောင်၊မုံရွာ၊ပစ္စည်းပုဂံ၊ ဒေါင်ဦး

(၄)ရက်ခရီး စနေ/တနင်္ဂနွေ (မ'ပါ) ၅၀၀၀၀/-(29.3.2019) ထွက်မည်။

ရွှေစေတီ Ph:09 450024419, 09 790629747

## We Tour ဘုရားဖူး

ရွှေစက်တော်၊ မကွေး၊ မင်းဘူး Mar 22 ထွက် 37000/-

လှိုင်ကော်၊ ဒီမော့ဆို၊ ကလော Mar 29 ထွက် 42000/-

09 958012080, 09 696336373

## ရွှေအိုးကြီး

09 421073634, 09 777636630

Mar -22,29- Apr-5,12,13,14

* မြဝတီ၊ မဲဆောက်၊ ဘားအံ Hotel -(1)N 80000 Hotel (2)N 100000
* မိုးကုတ်၊ ... ၊ ပြင်ဦးလွင်၊ ကျောက်ဆည် (၅)ရက် Hotel (150000)
* ပြင်ဦးလွင်၊ ... ၊ မူဆယ်၊ ရွှေလီ၊ ရင်ကျန်မှန်တံတား Gust (23000)
* မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ဇလုံတောင်၊ မိုးကုတ် ... (120000)

## Amazing Yangon Travel & Tours

သင်္ကြန်ခရီးစဉ်များ (Hotel တည်း/စားရိတ်ငြိမ်း)

၁။ လှိုင်ကော်-တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (၅ည/၆ရက်) 235000 Ks
၂။ ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် (၄ည/၅ရက်) 210000 Ks
၃။ ငပလီကမ်းခြေ (၄ည/၅ရက်) 235000 Ks
၄။ မြဝတီ-မဲဆောက်-ဘားအံ (၄ည/၅ရက်) 170000 Ks
၅။ ဝေါ်ရန်ကိုကျွန်း (၄ည/၅ရက်) 175000 Ks

April 12,13 Scania ကားကြီးများဖြင့်ထွက်မည်။ (ကားစီးလုံးငှားနိုင်ပါပြီ။)

09-795209138, 09-777892622, 09-777892626

## သန်းရွှေနှင့်ရောင်းရင်းများ၏ သင်္ကြန်အထူးခရီးစဉ်များ

* မြိတ်၊ တော့သောင်း၊ ရနောင်း၊ သူရွေးကျွန်း၊ ဆလုံကျွန်း Hotel- 270000 + 1500
* မြိတ်၊ မောတောင်၊ ပရောကျွတ်ခရီးစဉ် Hotel- 300000
* မူဆယ်၊ ရွှေလီ၊ ရင်ကျင်းမှန်တံတား Guest- 140000

April 12 ထွက်မည်

Ph: 01-380141, 01-241863, 09-43043109, 09-30284810

## ချယ်ရီလွင်

09-421089241, 09-420290908, 09-790140780

12-4-19

## တပ်မတော်မှတ်တမ်းရုံး

## တပ်ကြပ်ကြီး၊ စာရေးသင်တန်းအမှတ်စဉ်(၄၇)

## ရွှေရတု နှစ်(၅၀)မြောက်

## မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

တပ်မတော်ကြည်း၊ ရေ၊ လေ၊ ပြည်သူ့ရဲ သင်တန်းဆင်း သူငယ်ချင်းများ၊ မိသားစုများ၊ ဆရာများအား အောက်ပါအစီအစဉ်အတိုင်း တက်ရောက်တွေ့ဆုံကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(က) နေ့ရက်၊ အချိန် - ၃၀-၃-၂၀၁၉ ရက်၊ (စနေနေ့)
နံနက် ၉ နာရီမှ ၃ နာရီထိ

(ခ) နေရာ - "ခိုင်လီ စားသောက်ဆိုင်" မြကျွန်းသာဥယျာဉ် (ယခင် ကြက်ကျွန်း၊ ဆီဒိုးနားရှေ့၊ ကမ္ဘာအေးဘုရားလမ်း)၊ (ဖုန်း-၀၁-၅၄၆၀၆၅၊ ၀၉-၄၃၂၀၂၃၉၀)

**ဆက်သွယ်ရန်ဖုန်း**

- ဦးစိန်မြင့် (09-43055434) - ဦးဝင်းတင် (09-254373048)
- ဦးကြည်မောင် (09-250498931) - ဦးခင်မောင်ဦး (09-443021957)

## အင်္ဂလိပ်စာ / စကား

Four skills နှင့် ကျောင်းစာ အတန်းစုံ၊ ကျောင်းစုံ Text, Grammar, Letter, Essay, Speaking, Translation သင်သည်။

Ph:09-897282040

## GW

0973226006
0973133528
0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

## အထက(၂)လှိုင်သာယာ၏ စတုတ္ထအကြိမ်မြောက်

## မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက(၂)လှိုင်သာယာတွင် ပညာသင်ကြားပေးခဲ့ကြပါသော ပင်စင်စားဆရာကြီး၊ ဆရာမကြီးများနှင့် အသက်(၅၅)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် ပူဇော်ကန်တော့မည်ဖြစ်ရာ (ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ) ကြွရောက်ပေးကြပါရန် နှင့် ကျောင်းသား/ကျောင်းသူဟောင်း ညီအစ်ကိုမောင်နှမများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက် (တပ်မတော်နေ့)၊ (ဗုဒ္ဓဟူးနေ့)

အချိန် - နံနက် ၉ နာရီ အခမ်းအနားစတင်ပါမည်။

နေရာ - အထက(၂)လှိုင်သာယာ။

**ဆက်သွယ်ရန်**

**မအေးယုမော်(၁၉၉၅) ဖုန်း-၀၉-၄၂၀၁၅၃၇၇၄၆၊ ကိုကိုမောင်(၁၉၉၇) ဖုန်း-၀၉-၅၁၀၅၀၄၀**
**ကိုသန့်ဇင်(၁၉၉၉) ဖုန်း-၀၉-၄၂၀၉၀၇၉၉၊ မမွန်ဆုခိုင်(၂၀၀၁) ဖုန်း-၀၉-၇၉၅၂၀၄၇၁၆**
**ကိုမင်းမင်းဦး(၂၀၀၂) ဖုန်း-၀၉-၇၉၅၂၂၂၉၉၀၊ ကိုစိုးမိုးကျော်(၂၀၀၂) ဖုန်း-၀၉-၅၀၈၇၂၈၉**
**ကိုစိုးမိုးအောင်(၂၀၀၂) ဖုန်း-၀၉-၉၅၇၅၅၅၂၄၀၊ ကိုနေလင်းဦး(၂၀၀၂) ဖုန်း-၀၉-၄၂၀၂၁၆၅၅၄**
**မဝေဝေပန်(၂၀၀၂) ဖုန်း-၀၉-၉၇၄၃၂၈၀၉၂၊ ကိုသန်းထွန်းအောင်(၂၀၀၃) ဖုန်း-၀၉-၄၃၀၅၆၂၃၈**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေသပြေ ၉ လမ်း အိမ်အမှတ် (ဒ-၃၀၃၀၅)နှင့် ရွှေသပြေ ၁၀ လမ်း အမှတ်(ဒ-၃၀၃၀၆) အကျယ်အဝန်း (၁၆၀× ၈၀)ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်နုနုယဉ် ၉/တသန(နိုင်)၀၈၆၀၅၆ က ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေများအား ရောင်းချခြင်းကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ရောင်းဝယ်ခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်နိုင်ဝင်း LL.B,WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေ စဉ်(၁၂၃၉၄)

အမှတ် ၈/၈၂ ပန်းခင်း(၁)စံပယ်လမ်း ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့

နေပြည်တော် ဖုန်း ၀၉-၄၀၁၅၃၄၆၆၈- ၇၉၇၇၀၄၄၅၇



# နိဗ္ဗာန ဒါနအလှူ (၈၄၀၀၀) ပြည့် သံဃာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

(၆.၁၂.၂၀၁၆) ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့သော
Famous Traveller Express ယာဉ်လိုင်းသည်
စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ရဟန်း/သံဃာ/သီလရှင်များအား
ရာသက်ပန် အခမဲ့ စီးနင်းခွင့် နိဗ္ဗာနဒါနအလှူ လှူဒါန်းခဲ့ရာ (၈-၃-၂၀၁၉) ရက်နေ့တွင်
လှူဒါန်းခဲ့သော ရဟန်း/သံဃာ/သီလရှင် စုစုပေါင်း (၈၄၀၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်၊
(၈၄၀၀၀) ပါးပြည့်မြောက်ခဲ့သော သံဃာတော်အား ဝတ္ထုငွေ (၁,၀၀၀,၀၀၀) ကျပ်နှင့်
သင်္ကန်း ပရိက္ခရာ (၈) ပါး စုံလင်စွာ လှူဒါန်းခဲ့ပါသည်၊
ယခုကဲ့သို့ ကုသိုလ်ပြုရခြင်းအပေါ် Famous Traveller Express ယာဉ်လိုင်းအား
စီးနင်းလိုက်ပါ အားပေးကြသော မိဘပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့်
လှူဒါန်းမှု အစုစုအား သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါရန် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဖော်ပြအပ်ပါသည်၊

Daw Sandar Soe
Managing Director
Famous Traveller International Co., Ltd.


**YGN Real Estate Service**
နိုင်ငံခြားသားများ နေထိုင်ရန်အတွက် တိုက်ခန်းနှင့် Condo များငှားလိုပါသည်။ စမ်းချောင်း။ မြို့တွင်း။ ရန်ကင်းနှင့်ဗဟန်းမြို့နယ် သီးသန့်သာငှားလိုပါသည်။
09 252922207

**Holiday**
Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်၊
Ph: 09-5111235, 09-420077975

**KN** tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

**Moneda Fashion**
လူကြီးမင်းတို့၏ဝန်ထမ်းများအတွက် တူညီဝတ်စုံ
Sportshirt - ၃၉၅၀ ကျပ်
Shirt လက်တို - ၆၅၀၀ ကျပ်
Style pants - ၅၀၀၀ ကျပ်
မှစ၍ အရောင်, Design စိတ်ကြိုက်
Order လက်ခံဆောင်ရွက်ပေးပါသည်၊
ကုန်ပစ္စည်းအရောင်းမြှင့်တင်သည့် Promotion item
(ဘောပင်၊ ဓနိခွက်၊ ထီး၊ ဦးထုပ်၊ သဘက်) များကိုလည်း
အနည်းဆုံး - ၈၅၀ ကျပ်မှ စ၍
ဆေးရိုက်ပါအပြီး လက်ခံဆောင်ရွက်ပေးပါသည်၊
အထည် (၁၀၀) နှင့်အထက် မှာယူသူများကို လိပ်စာအရောက်ပို့ပေးပါသည်၊
(ရန်ကုန် Downtown ဧရိယာအတွင်း)
အမှတ် (၇၉)၊ (၁၂၄) လမ်း၊ မင်္ဂလာတောင်ညွန့် (မင်္ဂလာဈေးအနီး)၊ ရန်ကုန်၊
01-9000260, 01-292129, 09-250388594

**"ရွှေစည်"**
အိမ်ပြောင်း။ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-795669534

**YWCA**
ပန်းအလှပြုပြင်နည်းသင်တန်း
အခြေခံ၊အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း
နေ့ရက် - ၂၅-၃-၂၀၁၉ မှ ၃-၄-၂၀၁၉
အချိန် - မွန်းလွဲ၁း၀၀နာရီမှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်၊
ဖုန်း - ၀၁-၃၉၂၄၇၀၊ ၀၉-၄၄၃၂၃၃၇၅၈၊ ၀၉-၄၀၁၈၆၂၀၂၀၊
မှတ်ချက် - ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်၊

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်း ရှိသည်၊ မီးဖွက်လျှင်မီးစက်မောင်းသည်၊
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇည်းဒလရပ်ကွက်၊ ဒလမြို့နယ်၊
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၂၅၂၀၈၂၅၃၃
၁၁၀၀၀ ကျပ်
၂၀၀၀၀ ကျပ်

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

**"ဖြိုးသစ္စာ"**
ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များ ဝယ်လိုပါသည်။
09-448123778
09-420211264
09-420298279




**SMS**
ဒဂုံမြို့သစ်အရှေ့ပိုင်း။ တောင်ပိုင်း။ မြောက်ပိုင်း။ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-444880970


ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး

## ကျောက်စိမ်းအတွဲ ၅၂၆၃ တွဲ၊ ကျောက်မျက်အတွဲ ၆၉ တွဲနှင့် ပုလဲအတွဲ ၂၆၉ တွဲ ရောင်းချခဲ့ရ

**နေပြည်တော် မတ် ၂၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာခန်းမ၌ ကျင်းပပြီးစီးခဲ့ရာ ပြပွဲတွင် ယူရိုငွေ ၄၇၄ ဒသမ ၁၄ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၅၂၆၃ တွဲ၊ ယူရိုငွေ ၁ ဒသမ ၀၂ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲနှင့် ယူရိုငွေ ၁ ဒသမ ၅၂ သန်းတန်ဖိုးရှိ ပုလဲအတွဲ ၂၆၉ တွဲ ရောင်းချခဲ့ရသည်။

**ရောင်းချခဲ့ရ**

ပြပွဲတွင် ကျောက်စိမ်းအတွဲ ၆၉၇၃ တွဲတင်ပြခဲ့ရာ ၅၂၆၃ တွဲ၊ ကျောက်မျက်အတွဲ ၅၀၀ တင်ပြခဲ့ရာ အတွဲ ၆၉ တွဲနှင့် ပုလဲအတွဲ ၂၇၄ တွဲ တင်ပြခဲ့ရာ ၂၆၉ တွဲ ရောင်းချခဲ့ရခြင်းဖြစ်သည်။

ပြပွဲနောက်ဆုံးရက်ကျင်းပသည့် ယနေ့နံနက်ပိုင်းမှစတင်၍ ကျောက်စိမ်း အရိုင်းဝယ်ယူခွင့်ရရှိကြသူများ၊ ကျောက်မျက်ရတနာပြသရောင်းချသည့် ဈေးဆိုင်ခန်းများတွင် လေ့လာကြည့်ရှုနေကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖**

## ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးခွင့်ရမည့် မြန်မာနှင့် ဗီယက်နမ်အမျိုးသမီးခြေစမ်းပွဲ

**မန္တလေး မတ် ၂၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အာဆီယံထိပ်သီး ဗီယက်နမ်လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ အားပြိုင်မှုကို မန္တလာသီရိကွင်း၌ တွေ့မြင်ရတော့မည်ဖြစ်သည်။ မြန်မာနှင့်ဗီယက်နမ်အသင်းသည် မန္တလေးမြို့၌ ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့သတ်မှတ်ထားသောကြောင့် မြန်မာဘောလုံးပရိသတ်များ အခမဲ့ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းသည် မတ် ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**



ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား တွေ့ရစဉ်။

## မြန်မာ ယူ-၁၈ အသင်း ကစားသမား ၂၀ ရွေးချယ်

**ရန်ကုန် မတ် ၂၀**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မတ် ၂၃ ရက်မှ ၃၀ ရက်အထိကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၁၈ အသင်းသည် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နှစ်ဦးမှာ ဒဏ်ရာရနေသောကြောင့် ကျန်ရှိသည့်ကစားသမား ၂၄ ဦးအနက် လေးဦးလျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး အဓိကပြိုင်ပွဲဖြစ်သည့် အာဆီယံယူ-၁၈ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပြိုင်ပွဲဝင်ရန်

**စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ✳**



အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာအသင်း။

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၀ အာရှယူ-၂၃ ခြေစစ်ပွဲ

**ရန်ကုန် မတ် ၂၀**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှယူ-၂၃ ခြေစစ်ပွဲကို မတ် ၂၂ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ကာ အာရှထိပ်သီးအသင်းများအပါအဝင် နိုင်ငံပေါင်း ၄၃ နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အောင်မြင်ရန် ကြိုးပမ်းရမည်**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(I)ပွဲစဉ်များကို မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် ဂျပန်၊ မကာအို၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲများကို တစ်ရက်ခြား ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မတ် ၂၂ ရက်တွင် တီမောအသင်း၊ မတ် ၂၄ ရက်တွင် မကာအိုအသင်း၊ မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှထိပ်သီး ဂျပန်အသင်းနှင့် တွေ့ဆုံနေသောကြောင့် အုပ်စုပထမရရန် ခက်ခဲဖွယ်ရှိနေပြီး အကောင်းဆုံးအုပ်စုဒုတိယနေရာဖြင့်သာ ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးအုပ်စုဒုတိယနေရာရ လေးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းအသင်းသည် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပထမနေရာရပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာ တွက်ချက်ရာတွင် အဆင့်(၅)ရသည့်အသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ဖူးပြီး ၂၀၁၆ နှင့် ၂၀၁၈ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

